# တစ်လအတွင်းနိုင်ငံရေးအကျဉ်းသားများသတင်း(၂၀၀၈ခုနှစ် နိုဝင်ဘာလ)

## နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း ៖(မြန်မာနိုင်ငံ)

### နိုဝင်ဘာလ (၁) ရက်

1) မအူပင်ထောင်ကိုသောကြာနေ့ကပြောင်းရွှေ့ခံခဲ့ရတဲ့၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကိုမင်းကိုနိုင်၊ကိုကိုကြီး၊ကိုမင်းဇေယျ၊ကိုဌေးကြွယ်အပါအဝင်၉ဦးကိုစနေနေ့ ကမိသားစုဝင်တွေသွားရောက် တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ထောင်ပြောင်းရွှေ့စဉ်အချိန်က သံခြေချင်းတွေဝတ်ပြီး သွားခဲ့ရတယ်လို့မအူပင်ထောင်မှာသွားတွေ့ခဲ့တဲ့ကိုကိုကြီးရဲ့ညီဖြစ်သူကိုအောင်ကပြောပါတယ်။ ကျောင်းသားခေါင်းဆောင်၉ဦးကို နောက်ဆုံးအကြိမ် အင်းစိန်အကျဉ်းထောင်ထဲတွင် ထောင်ခြောက်လစီ ချမှတ်တဲ့ အချိန်မှာတရားလိုဘက်ကထွက်ဆိုတဲ့ သူမရှိတဲ့အပြင် နစ်ဘက်ရှေ့နေတွေလည်း မရှိဘူးလို့. ကိုအောင်ကပြောပါတယ်။ (November 2nd, 2008 RFA)

### နိုဝင်ဘာလ (၂) ရက်

1) ပြည်ပအခြေစိုက် မြန်မာလူငယ်ရှေ့နေများ ဥပဒေ အကျိုးဆောင်လုပ်ငန်း - Myanmar Youth Lawyers Law Firm က နိုင်ငံတကာ လူ့အခွင့်အရေး ဖက်ဒရေးရှင်း - International Federation of Human Rights (FIDH) နှင့် နှိပ်စက်ခြင်းများကို ဆန့်ကျင်သည့် ကမ္ဘာ့အဖွဲ့ကြီး - OMCT ထံ ရှေ့နေကိုညီညီထွေးအားကိုယ်ကာယ၊စိတ်ဓာတ်ရေးရာတစုံတရာထိခိုက်ခြင်းမျိုးစစ်အာဏာပိုင်များက မပြုလုပ်ရေးအတွက် အာမခံရန်နှင့် ချက်ချင်း ပြန်လွှတ်ပေးရန် တောင်းဆိုပေးစေလိုကြောင်း ဒီနေ့ ကြေညာချက်တရပ် ထုတ်ပြန်ခဲ့သည်။(November 3rd , 2008 Mizzima)

2) ပြီးခဲ့သည့်နှစ် မေဒေးအခမ်းအနားသို့သွားရောက်စဉ် အဖမ်းခံရသူ ကိုသူရိန်အောင် အပါအဝင် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံထားရသူများကို စစ်အစိုးရအာဏာပိုင်များက နယ်အကျဉ်းထောင်များသို့ပို့ဆောင်လိုက်သည်။ယခုလ(၂)ရက်နေ့ကကိုသူရိန်အောင်အပါအဝင်နိုင်ငံရေး အကျဉ်းသား (၅) ဦးကိုနယ်အကျဉ်းထောင်များသို့ပို့ဆောင်လိုက်ခြင်းဖြစ်သည်။ကိုသူရိန်အောင်နှင့် ကိုကျော်မင်းအားစစ်တွေအကျဉ်းထောင်၊ကိုကျော်ကျော်နှင့်ကိုဝေလင်းအားမန္တလေးအကျဉ်းထောင်နှင့် ကိုညီညီဇော်အား တောင်ကြီးအကျဉ်းထောင်များသို့ အသီးသီး ပို့ဆောင်လိုက်ပြီး ကိုမျိုးမင်းအား အင်းစိန်ထောင်၌ပင် ဆက်လက်ထားရှိကြောင်း ၎င်းက ဆက်ပြောသည်။(November 4th , 2008 Yoma3)

### နိုဝင်ဘာလ (၃) ရက်

1) စစ်အစိုးရကဖမ်းဆီးအရေးယူထားသောနိုင်ငံရေးလှုပ်ရှားသူများ၏အမှုများကိုလိုက်ပါအကျိုး ဆောင်ပေးနေသည့် ရှေ့နေများသည်အာဏာပိုင်များ၏ဖိအားပေးအကျပ်ကိုင်မှုများနှင့်ရင်ဆိုင်နေရ ကြောင်းရန်ကုန်မြို့ရှိနိုင်ငံရေးအကျဉ်းသားမိသားစုများအသိုင်းအဝန်းမှသိရသည်။အဆိုပါနိုင်ငံရေးအကျဉ်းသားများကိုအကျိုးဆောင်ပေးနေသည့်ရှေ့နေတဦးဖြစ်သူကိုညီညီလှိုင်အားမည်သည့်အ ကြောင်းပြချက်မှမရှိဘဲရန်ကုန်တိုင်းတရားရုံးမှတိုင်းတရားသူကြီး(၂)ကတနင်္လာနေ့တွင်တရားရုံးသို့ လာရောက်ရန် ဆင့်ခေါ်ကြောင်း စမ်းချောင်းမြို့နယ် ရဲစခန်းမှူးက လွှန်ခဲ့သော သောကြာနေ့က အကြောင်းကြားခဲ့သည်ဟု ကိုညီညီလှိုင်နှင့် နီးစပ်သူ တဦးက ပြောသည်။(November 3rd , 2008 Irrawaddy)

2) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဂင်များ၏ အမှုများကို ကူညီပေးနေသည့် ဗဟိုတရားရုံးချုပ် ရှေ့နေ ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့အား လှိုင်မြို့နယ် တရားရုံးက ပြီးခဲ့သည့်လ ၃၀ ရက်နေ့တွင် တရားစွဲဆိုလိုက်သည်။(November 3rd , 2008 Mizzima)

## နိုဝင်ဘာလ (၄) ရက်

1) နိုဝင်ဘာလ၄ရက်နေ့ကလှိုင်သာယာတရားရုံးမှာနိုင်ငံရေးအမှုများနဲ့တရားစွဲခံနေရသူတွေကတရားရုံးကို အယုံအကြည်မရှိကြောင်းဆန္ဒပြတာကြောင့်နောက်တကြိမ်အမှုချိန်းများကိုအင်းစိန်ထောင်အထူးတရား ရုံးမှာပြောင်းရွှေ့စစ်ဆေးမှာဖြစ်တယ်လို့တရားသူကြီးကအမိန့်ချလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက်ဆုတောင်းပွဲသွား ရောက်သူဦးတင်ယုပါ၁၁ဦးရဲ့ အမှုကို စစ်ဆေးရာမှာ တရားခံလို့စွတ်စွဲခံရသူတွေက တရားရုံးကိုအယုံအကြည်မရှိဘူးလို့ဆန္ဒပြကြတာပါ။၁၁ယောက်လုံးကနေပြီးတော့လှိုင်သာယာတရားရုံး ကတရားမျှတမှုမရှိတဲ့အတွက်သူတို့ပါဝါရုပ်တယ်ဆိုပြီးရှေ့နေကိုဖိုးဖြူကိုပါဝါရုပ်ပေးလိုက်တယ်။ပြီးတဲ့ နောက် ၁၁ယောက်လုံးကမတ်တပ်ရပ်ပြီးကျောခိုင်းနေလိုက်တယ်။အမှုဆက်စစ်တယ်။အဲ့ဒီအချိန်မှာရဲအ ယောက်၄၀လောက်ကတရားရုံးအရှေ့၁၀ပေအကွာလောက်ကနေဝိုင်းထားလိုက်တယ်လို့သိရပါ တယ်။(November 4th, 2008 RFA)

2) စစ်အစိုးရအာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများကို စစ်ဆေးမှုများ အမြန်ဆုံးပြုလုပ်နေပြီး ထောင်ဒဏ်များချမှတ်ကာနယ်အကျဉ်းထောင်များသို့ပို့ဆောင်ရန်ပြုလုပ်နေသည်။ သံဃာ့တပ် ပေါင်းစုခေါင်းဆောင်အရှင်ဂမ္ဘီရ၏အမှုများကိုအမြန်ဆုံးစစ်ဆေးမှုများပြုလုပ်နေကြောင်းမိသားစုဝင်တဦး က ယနေ့ပြောဆိုလိုက်သည်။(November 4th , 2008 Yoma3)

3) မနစ်ကသံဃာ့အရေးအခင်းနဲ့ဆက်နွယ်ပြီးဖမ်းဆီးထားတဲ့ငွေကြာယံကျောင်းကသံဃာတွေကိုအမှုစစ် ဆေးနေဆဲအချိန်မှာပဲတောင်ဥက္ကလာတရားရုံးဒီနေ့ရုံးချိန်းမှာဝတ္တရားနောက်ယှက်မှုပုဒ်မ၃၅၃နဲ့ဒီနေ့ထ ပ်ပြီးတရားစွဲလိုက်ပါတယ်။နိုဝင်ဘာ၃ရက်နေ့မနက်ကရုံးထုတ်လာတဲ့ဦးဇာနေယျပါသံဃာ၅ပါးရုံးထုတ် ချိန်မှာဘုန်းကြီးတွေကတရားရုံးထဲအမှုစစ်ဖို့ဝင်ခိုင်းတာမဝင်ပဲမေတ္တာသုတ်ရွတ်နေ ကြတယ်။ရဲတွေကသူတို့ကိုဆွဲလားလွဲလားလုပ်တော့ဘုန်းကြီးတွေရဲ့ပုဆိုးတွေလဲပြဲကုန်တာပေါ့။ဘုန်း ကြီးတွေကမရပ်ပဲမြေပေါ်လှဲချပြီးတော့ဆက်ရွတ်နေတယ်။ဘုန်းကြီးတွေကိုအချုပ်ခန်းထဲအ တင်းဆွဲခေါ်ပုံစံထိုင်ခိုင်းပြီးခါတ်ပုံရိုက်တယ်။တရားရုံးအချုပ်ခန်းအတွင်းရှိုင်းရှိုင်းစိုင်းစိုင်းပြောဆိုသူ ဟာဒုမြို့နယ်မှူးမြင့်ဆွေဆိုသူဖြစ်တယ်။အဲ့ဒီနောက်ပိုင်းဒီနေ့ရုံးချိန်းထပ်မံထုတ်ပြီးဝတ္တရားနောက် ယှက်မှုပုဒ်မ ၃၅၃နဲ့ဒီနေ့ထပ်ပြီးတရားစွဲလိုက်ပါတယ်။(November 4th , 2008 RFA)

4) အင်းစိန်ထောင်တွင်းမှာတရားရုံးတွေထပ်မံတိုးချဲ့လိုက်ပြီးလုံခြုံရေးအကြောင်းပြကာမြို့နယ်တွေမှာစစ်ေ နတဲ့အမှုတွေကိုအင်းစိန်ထောင်တွင်းမှာစစ်ဆေးဖို့အာဏာပိုင်တွေကရှေ့နေကိုညီညီလှိုင်က ို ခေါ်ပြောခဲ့ပါတယ်။"အပြင်မှာစစ်တာဘာအနှောက်အယှက်မှမဖြစ်ဘူး၊ဘာပြဿနာမှလည်းမဖြစ်ဘူးဆို တော့ မိသားစုနဲ့အများပြည်သူရှေ့မှာစစ်တာဟာ၂၀၀၈ပြည့်နှစ်တရားစီရင်ရေးမူအရလည်းအ များပြည်သူရှေ့မှာတရားစီရင်ရမယ်လို့ပြဌာန်းထားတာဖြစ်တဲ့အတွက်ဒီလိုပဲစစ်သင့်တယ်လို့ ကျနော်ကလျှောက်လဲချက်ပေးမှာဖြစ်တယ်လို့"ရှေ့နေကိုညီညီလှိုင်ကပြောပါတယ်။(November 4th , 2008 DVB)

## နိုဝင်ဘာလ (၅) ရက်

1) လူ့အခွင့်အရေးလှုပ်ရှားသူမစုစုနွေးအပါအဝင်နိုင်ငံရေးအမှုနဲ့အဖမ်းခံနေရသူတချို့ကိုမူလဖမ်းဆီး စဉ်ကပုဒ်မတွေအပြင်ပုဒ်မအသစ်တွေထပ်တိုးနေပါတယ်။အင်းစိန်ထောင်အထူးတရားရုံးမှာမစုစုနွေးကိုမှ

လစွဲချက်တင်ထားတဲ့အမှုအပြင်တခြားပုဒ်မတွေတပ်ဖို့ပြင်ဆင်နေကြောင်းရှေ့နေဦးမြင့်သောင်းကပြောပါတယ်။ပုဒ်မ၁၂၄ကကိုဖြုတ်လိုက်ပြီးတော့၅၀၅ခကိုထပ်တိုးတယ်။အများပြည်သူဆူပူအောင်လှုံ့ဆော်တဲ့အမှုအနေနဲ့ထပ်တိုးတယ်လို့သိရပါတယ်။(November 5th , 2008 RFA)

2) ပြီးခဲ့တဲ့ဩဂုတ်လ၂၃ရက်နေ့ကကုန်ဈေးနှုန်းကျဆင်းရေးဆန္ဒပြတဲ့အတွက်အဖမ်းခံရတဲ့ရန်းကင်းမြို့နယ်NLDပါတီဥက္ကဋ္ဌဦးမျိုးခင်၊ကိုခင်မောင်လတ်နှင့်ကိုမျိုးခိုင်တို့ရဲ့အမှုတွေကိုလည်းပုဒ်မတွေပြောင်းတပ်ခဲ့တဲ့အကြောင်းသိရပါတယ်။ပုဒ်မ၁၂၄ကနေ၁၄၃၊၁၄၇၊၅၀၅ခဆိုပြီးထပ်တိုးပါတယ်။ဒီကနေ့တရားရုံးမှာဦးမျိုးခင်ကတရားသူကြီးကိုတရားရုံးရဲ့ဆောင်ရွက်တွေနဲ့ပက်သက်ပြီးဝေဖန်ကန့်ကွက်ခဲ့တယ်လို့၎င်း၏ဇနီးဒေါ်ခင်ခင်လေးကRFA ကိုပြောပါတယ်။(November 5th , 2008 RFA)

3) နိုဝင်ဘာလ၅ရက်နေ့ဒီနေ့မှာလှိုင်သာယာတရားရုံးကိုကန့်ကွက်ကြောင်းဆန္ဒပြမှုဖြစ်ခဲ့ပြီးတဲ့နောက်အမှုစစ်ဆေးနေသူတွေထဲကကိုမျိုးကျော်ဇင်ကိုထောင်ဒဏ်၂နှစ်အပြစ်ဒဏ်ပေးလိုက်ပါတယ်။ကိုမျိုးကျော်ဇင်ကိုရုံးမထွက်တဲ့အမှုနဲ့၂နှစ်စီရင်ချက်ချလိုက်တာပါ။(November 5th , 2008 RFA)

4) အောက်တိုဘာလ ၂၄ ရက်နေ့က မန္တလေးတိုင်း အမျိုးသမီးခေါင်းဆောင် ဒေါ်ဂင်းမြမြ အပါအဝင် အန်အယ်ဒီ တိုင်းစည်းရုံးရေးအဖွဲ့ဝင် ၆ ဦးအား အိုးဘိုထောင်တွင်း တရားရုံးက ပြစ်ဒဏ်များ ချမှတ်ခဲ့သည့်အနက် အနည်းဆုံး ထောင်ဒဏ် ၈ နှစ် အချခံရသည့် အမှုတွဲများသည် ပြစ်မှုဆိုင်ရာ ဥပဒေများနှင့် မကိုက်ညီသဖြင့် ယခုလ ၅ ရက်တွင် အယူခံတင်ရန် စီစဉ်ထားသည်။ (November4th,2008Mizzima)ဒေါ်ဝင်းမြမြအပါအဝင်၆ဦးအမှုအယူခံကိုမန္တလေးခရိုင်တရားရုံးကဒီကနေ့ပဲပယ်ချလိုက်ပါတယ်။ (November 5th , 2008 DVB)

5) ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ်တရားရုံးတွင် ဦးမြင့်အေး၊ ကိုရန်ရွှေနှင့် ကိုဇော်ဇော်အောင် တို့အား ပုဒ်မ (၁၇/၁) နှင့် (၁၃/၅) တို့ဖြင့် ရုံးထုတ်စစ်ဆေးရာတွင် ရှေ့နေများ လာရောက်နိုင်ခြင်းမရှိသည့်အတွက် ကိုယ်တိုင် လျှောက်လဲခဲ့ရသည်။ ဦးမြင့်အေးတို့မှာ တဦးချင်း ကိုယ်တိုင် လျှောက်လဲချက်ပေးခဲ့ရသည်။ "ခင်ဗျားတို့ အခုပြောနေတာတွေက စွပ်စွဲချက်တွေသာဖြစ်တယ်၊ ကျနော်တို့အနေနဲ့ဒီကိစ္စတွေမှာပတ်သက်ခြင်း၊သိရှိခြင်း၊တစုံတရာပူးပေါင်းဆောင်ရွက်ခြင်းမရှိဘူးလို့ ဦးမြင့်အေးက ကိုယ်တိုင်လျှောက်လဲခဲ့တယ်၊ ဇော်ဇော်အောင်ကတော့ စစ်ကြောရေးမှာ (၅) ရက်နဲ့ (၅) ည မအိပ်ရဘဲ အရိုက်ခံရလို့ မခံနိုင်တော့လို့သာသူတို့လိုချင်တာကိုခေါင်းညိတ်ပေးလိုက်တာလို့ ပြောတယ်"ဟု ကိုမောင်မောင်လေးက ပြောသည်။(November 5th , 2008 Yoma3)

6) ဒီကနေ့၈၈မျိုးဆက်ကျောင်းသား၁၄ဦးပါအမှုအတွက်အင်းစိန်ထောင်အထူးတရားရုံးကိုသွားရောက်ခဲ့သူရှေ့နေဦးကျော်ဟိုးကိုတရားရုံးထဲဝင်ခွင့်မပေးဘူးလို့သိရပါတယ်။(November 6th , 2008 RFA) ၈၈ မျိုးဆက်ကျောင်းသားများ၏ အမှုများကို လိုက်ပါအကျိုးဆောင်ပေးနေသော ၎င်း အပါအဝင် ရှေ့နေများဖြစ် သည့် ဦးမောင်မောင်လတ်၊ ဦးမြင့်သောင်း နှင့် ဒေါ်ခင်ဌေးကြွယ်တို့အား ယခုလဆန်း ၅ ရက်နေ့မှ စတင်၍ အကြောင်းပြချက် မရှိဘဲနှင့် တရားရုံးက ဝင်ခွင့်မပြု ခြင်းဖြစ်သည်ဟု ရှေ့နေ ဦးကျော်ဟိုးက ပြောသည်။(November 10th , 2008 Irrawaddy)

7) ပြည်တွင်းဂျာနယ်တခုဖြစ်သည့်NewsWatchဂျာနယ်အယ်ဒီတာဦးခင်မောင်အေးအားဒီကနေ့ည(၇)နာရီခန့်က၎င်း၏နေအိမ်မှအာဏာပိုင်များဖမ်းဆီးခေါ်ဆောင်သွားကြောင်းဦးခင်မောင်အေးနှင့်နီးစပ်သူတဦးကခေတ်ပြိုင်သို့ပြောသည်။အယ်ဒီတာဦးခင်မောင်အေးနှင့်အတူသတင်းထောက်ကိုထွန်းထွန်းသိန်းကိုလည်းဖမ်းသွားကြောင်းစုံစမ်းသိရှိရသည်။၎င်းတို့နှစ်ဦးအားဇူလိုင်လအတွင်းကထုတ်ဝေခဲ့သောNewsWatchဂျာနယ်ပါတရားရုံးဝန်ထမ်းများလာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်သည့်သတင်းတပုဒ်ကြောင့်မျက်ကွယ်အမိန့်ထောင်ဒဏ်၃လချမှတ်ကာဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်ကြောင်းအယ်ဒီတာအဖွဲ့ဝင်တဦးကပြောသည်။(November6th,2008 Khitpyaing) (November 7th , 2008 Irrawaddy)

## နိုဝင်ဘာလ (၆) ရက်

1) အကျယ်ချုပ်ကျနေတဲ့တက္ကသိုလ်ရိပ်သာလမ်းဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကိုမိသားစုဆရာဝန်ဖြစ်တဲ့ဒေါက်တာတင်မျိုးဝင်းနဲ့သူ့ဆေးလက်ထောက်တစ်ဦးဟာဒီကနေ့မှာသွားရောက်ခဲ့တာဖြစ်ပြီးနေအိမ်မှာ၂နာရီကြာစစ်ဆေးခဲ့တယ်လို့မျက်မြင်သက်သေတဦးကအေအက်ဖ်ပီသတင်းဌာနကိုပြောပါတယ်။ဒေါ်အောင်ဆန်းစုကြည်ရဲ့ပြင်ပဆက်ဆံရေးကိုအာဏာပိုင်တွေကကန့်သတ်ထားရာမှာရှေ့နေဖြစ်တဲ့ဦးကြည်ဝင်းကိုတောင်အခုချိန်ထိနောက်တကြိမ်တွေ့ခွင့်မရသေးပဲရှိနေပါတယ်။(November 6th , 2008 RFA)
2) ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေရဲ့အမှုတွေကိုရှေ့နေမပါပဲစစ်ဆေးဖို့အာဏာပိုင်တွေဘက်မှာအစီအစဉ်ရှိနေတယ်လို့ကျောင်းသားခေါင်းဆောင်တွေရဲ့ဆွေမျိုးသားချင်းတွေကယူဆနေကြပါတယ်။ဒီကနေ့မှာရှေ့နေဦးမောင်မောင်လတ်ကိုဝင်ခွင့်ပေးပြီးမှရှေ့နေပါဝါကိုပြန်သိမ်းသွား တာဖြစ်ပါတယ်။(November 6th , 2008 RFA)
3) ၂၀၀၇ဧပြီလကဟသာ်တမှာပိုင်းပြီးအရိုက်ခံရတဲ့HRDPလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကွန်ရက်ကကိုမြင့်နိုင်ကိုထောင်ဒဏ်၈နှစ်ချခဲ့ပြီးတပတ်အတွင်းထောင်၂ကြိမ်ပြောင်းလိုက်တယ်လို့သိရပါတယ်။သူဟာပြီးခဲ့တဲ့နိုဝင်ဘာလ၄ရက်နေ့ကဟသာ်တထောင်ကနေအင်းစိန်ထောင်ကိုရွှေ့ခံခဲ့ရပြီးအခုကလေး ထောင်ကိုပြောင်းခံခဲ့ရတာပါ။(November 6th , 2008 RFA)
4) တရားရုံးကိုမထီမဲ့မြင်ပြုတဲ့အမှုနဲ့ဗဟိုတရားရုံးကိုတရားစွဲဆိုတင်ပို့ခံရတဲ့ရှေ့နေဦးအောင်သိန်းနဲ့ဦးခင်မောင်ရှိန်တို့၂ဦးကဒီကနေ့မှာဗဟိုတရားရုံးမှာအပြန်အလှန်လျှောက်လဲချက်ပေးခဲ့တဲ့အ ကြောင်းရှေ့နေဦးခင်မောင်ရှိန်ကပြောပါတယ်။(November 6th , 2008 RFA)
5) ဒီအတောအတွင်းရဲဌာနအချုပ်ခန်းတွေမှာဖမ်းဆီးထိန်းသိမ်းခံနေရတဲ့Generation Wave မျိုးဆက်သစ်လူငယ်များအစည်းအရုံးကအဖွဲ့ဝင်တွေကိုတရားရုံးပို့ရာမှာကားခနှင့်လမ်းကြောင်းကြေးဆိုပြီးရဲကငွေတောင်းခံနေတယ်လို့သိရပါတယ်။အဖမ်းခံရသူအများစုဟာနယ်မှာနေသူများဖြစ်တာကြောင့်ငွေပေးဖို့အခက်အခဲတွေရှိတယ်လို့ဆိုပါတယ်။သူတို့ကိုခုချိန်ထိကြည့်မြင်တိုင်၊စမ်းချောင်း၊ဗဟန်း၊တောင်ဥက္ကလာ၊သဃ်န်းကျွန်းနဲ့ကမာရွတ်ရဲစခန်းတွေမှာချုပ်ထားတာဖြစ်ပြီးလူ၂၀ခန့်ရှိတယ်လို့ဆိုပါတယ်။ဒီလူငယ်တွေကိုဖောက်ခွဲရေးနဲ့ပက်သက်တဲ့ပုဒ်မတွေအပြင်ဆူပူအောင်လှုံ့ဆော်မှုပုဒ်မတွေနဲ့တရာရုံးတွေကိုတင်ထားတာ ဖြစ်ပါတယ်။(November 6th , 2008 RFA)
6) မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့ပြောရေးဆိုခွင့်ရှိသူဦးအိန္ဒြိယကဦးဇင်းတို့ပြုစုထားတဲ့စာရင်းအရကျောင်းတိုက်ပေါင်း၆၀ကျော်ကိုအဓမ္မဝင်ရောက်ဖျက်ဆီးသွားတာတွေရတယ်လို့ပြောပါတယ်။သံဃာအဖမ်းအဆီးစာရင်းနဲ့အဖျက်ဆီးခံကျောင်းတိုက်စာရင်းများကိုစုစည်းပြီးကုလသမဂ္ဂသို့တင်ပြရန်အစီအစဉ်ရှိသည်ဟုလည်းပြောပါတယ်။(November 6th , 2008 RFA)
7) ရွှေဝါရောင်တော်လှန်ရေးအတွင်းဦးဆောင်ပါဝင်ခဲ့တဲ့မဂ္ဂင်ကျောင်းတိုက်မှဆရာတော်၂ပါးကိုကျောက်တံတားမြို့နယ်တရားရုံးကနေဒီနေ့မနက်ပိုင်းမှာစီရင်ချက်ချလိုက်ပါတယ်။မဂ္ဂင်ကျောင်းဆရာတော်ဦးဣန္ဒကကိုထောင်ဒဏ်၁၆နှစ်ခွဲ၊အဲဒီကျောင်းမှာလာရောက်တည်းခိုနေတဲ့အရှင်ဣန္ဒသရိယကိုထောင်ဒဏ်၈နှစ်စီစီရင်ချက်ချလိုက်တာဖြစ်ပါတယ်။အလားတူပဲစက်တင်ဘာရွှေဝါရောင်တော်လှန်ရေးအတွင်းပါဝင်မှုနှင့်ဖမ်းဆီးခံနေရသူနှင်းနွယ်မိုးခေါ်နှင်းနှင်းအသက်၃၀နှစ်ကိုသ၁သနာပြုနှိုးနွမ်းအောင်လုပ်ဆောင်မှုပုဒ်မ၂၉၅နဲ့တောင်ဥက္ကလာတရားရုံးကဒီနေ့ထောင်ဒဏ်၂နှစ်ချမှတ်လိုက်ပါ တယ်။(November 6th , 2008 DVB)
8) ပြီးခဲ့တဲ့နိုဝင်ဘာ ၆ ရက်နေ့က အင်းစိန်အကျဉ်ထောင်အတွင်း သီးသန့်တရားရုံးမှာ အထိမ်းခံထားရ တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ကိုသန့်ဇင်မျိုးနဲ့အဖွဲ့က နိုင်ငံရေးအကျဉ်းသားတွေရဲ့

အခွင့်အရေးရဖို့ ဆန္ဒပြခဲ့ကြတာကို ရဲဝန်ထမ်းတွေကအကြမ်းဖက် ဖိနှိပ်ခဲ့ပါသည်။ တရားခွင်ထဲကို တရားသူကြီးရောက်ရှိတဲ့အချိန်မှာမတ်တပ်ရပ်ကျောခိုင်းဆန္ဒပြခဲ့ကြတဲ့အတွက်တရားသူကြီးဖက်ကို ပြန်လှည့်ခိုင်းတယ်မလှည့်ဘူး။မလှည့်တဲ့အခါကျတော့ ရဲတစ်ယောက်အစွပ်စွဲခံရတဲ့သူတစ်ယောက် လက်ထိပ်ခတ်လိုက်တယ်။ပြီးတော့၂ယောက်လည်ပင်းကိုဆွဲညှစ်ပြီးတော့ဆွဲလှည့်တယ်။ တရားသူကြီးဖက်ကိုလှည့်ခိုင်တာပေါ့။အဲ့ဒီမှာလည်ပင်းတွေအစ်ပြီး။အသက်ရှုကြပ်တာတွေ အကုန်လုံးဖြစ်ကုန်ကြတော့တယ်။(November 8th, 2008 RFA) ဒ့ါအပြင် မြန်မာ့ဒီမိုက ရေစီခေါင်းဆောင် လွတ်မြောက်ရေးဝတ်ပြုဆုတောင်းမှုနဲ့ ထိန်းသိမ်းခံရတဲ့ လှိုင်သာသာက ကိုရန်နိုင်ထွန်းအပါအဝင် ၁၁ ဦးကိုမနေ့က ရုံးထုတ်လာစဉ်မှာ အင်းစိန်ထောင်ကနေ လှိုင်သာယာတရားရုံးရောက်တဲ့အထိ ‘ဒီမိုကရေစီရရှိရေး ဒို့အရေး”လို့တစ်လမ်းလုံးဟစ်ကြွေးသွား တာကိုလည်း မြင်တွေ့ရကြောင်းလည်း ပြောပါတယ်။ ( November 7th, 2008 DVB)

9) မုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးဖမ်းထားတဲ့ နိုင်ငံကျော်လူရွှင်တော် ကိုဇာဂနာ ကတော့ အင်းစိန်ထောင်ထဲမှာ အစာအိမ်ရောဂါကြောင့် ကျန်မာရေးသိပ်မကောင်းဘူးလို့ မိသားစု ဝင်တစ်ဦးဖြစ်တဲ့ ကိုဇာဂနာရဲ့ခယ်မ မငြိမ်းကအခုလိုပြောပါတယ်။ ‘ကျန်းမာရေးကဘာဖြစ်လို့လဲဆို တော့ထောင်ဆေးရုံကတော့အစာအိမ်ပိုးဝင်တယ်လို့ပြောတယ်။အဲ့ဒီတော့ဘယ်လိုဖြစ်လာလဲဆို တော့ ဝမ်းလိုက်တာပေ့ါ။ သူကအစာစားလိုက်တိုင်း အန်တယ်။ လွန်ခဲ့တဲ့ ၅ နှစ် ၆နှစ်လောက်က ပေ့ါနော်။အစာအိမ်မှာအနာရှိတယ်ဆိုတာသိတယ်။အဲ့ဒါကြောင့်မို့ကျမတို့ကအစာအိမ်ဆေးသွင်း နေရတာ။အခုကထောင်ဟာအိမ်မှမဟုတ်တာ။ဆန်လည်းကြမ်းလာတာလည်းပါတယ်။နောက်ပြီး တော့အကြော်အလှော်တွေပေ့ါ။အကြော်အလှော်ဆိုတာကလူကောင်းတောင်ကြာရင်အစာမကြေ တာဆိုတော့ကိုသူရကဒီနေ့ဆိုရင်၆လတင်းတင်ပြည့်လာပြီဆိုတော့အဲဒါတွေစားရတဲ့အကျိုးကျေးဇူးပေ့ါ။ (November 6th ,2d008 DVB )

## နိုဝင်ဘာလ (၇) ရက်

1. တရားရင်ဆိုင်နေရသည့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၏ အမှုများကို ကူညီပေးနေသူ ဗဟို တရားရုံးချုပ်ရှေ့နေ နှစ်ဦးအား ရန်ကုန်မြို့ရှိ ဗဟိုတရားရုံးချုပ်မှ တရားရုံးတော်အား မထီမဲ့မြင်ပြုမ- ပုဒ်မ ၃ ဖြင့် စွပ်စွဲကာ ယနေ့တွင် ထောင်ဒဏ် ၄ လစီ မျက်ကွယ်စီရင်ချက် ချမှတ်လိုက်သည်။ (November 7th , 2008 Mizzima) ဦးအောင်သိန်း ကို မြန်မာစံတော်ချိန်ည ၁၂ နာရီ ထိုးဖို့ ၁၅ မိနစ်အလိုမှာ ရဲ ၇ ယောက်၊ နောက်ပြီးတော့ သင်္ဃန်းကျွန်းမြို့နယ် ဆယ်အိမ်မှူး တယောက်နဲ့လာခေါ်သွားတယ်လို့ကြားပါတယ်။*လက်ထိပ်တွေဘာတွေ*ခတ်သွားတာတော့မတွေ့ဘူးလို .ဦးအောင်သိန်းရဲ့သားကပြောပါတယ်။ အင်းစိန်မှာနေတဲ့ ဦးခင်မောင်ရှိန်ကိုလည်း ပြီးခဲ့တဲ့ ၁၁ နာရီလောက်မှာပဲ အင်းစိန် ရဲစခန်းကို ခေါ်သွားတယ်လို့ သိရပါတယ်။(November 8th , 2008 VOA)
2. နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းကတွဲဖက်အတွင်းရေးမှူးဖြစ်သူ ကိုဘိုကြည်ကိုနိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ကြီး(HumanRightsWatch)ကနေလူ့”အ ခွင့်အရေးကာကွယ်စောင့်ရှောက်သူဆု(HumanRightsDefenderAward)ချီးမြှင့်လိုက်ပါတယ်။(November 7th , 2008 RFA)
3. မြန်မာနိုင်ငံမှာ နိုင်ငံရေး အကျဉ်းသားတွေဘက်က လိုက်ပါ ဆောင်ရွက်ပေးခဲ့ကြတဲ့ တရားခံ ရှေ့နေ လေးဦးအပေါ် စစ်အစိုးရက ပြစ်ဒဏ် စီရင်ခဲ့တာကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဌာနက ရှုတ်ချလိုက်တဲ့အကြောင်း ဒီကနေ. ထုတ်ပြန်ကြော်ငြာချက်ထုတ် လိုက်ပါတယ်။(November 8th , 2008 VOA)
4. ရန်ကုန် ဒေါပုံမြို့နယ်က စည်းရုံးရေးအဖွဲ့ဝင် ဦးအုန်းကျော်အပါအဝင်ကိုသန်းဇော်၊ကိုဇော်မင်း ၃ ဦးကို ထောင်ဒဏ် ၅ နှစ်စီ၊ ဗဟန်းမြို့နယ်က ကိုထွန်းထွန်းဝင်းကို ထောင်ဒဏ် ၃ နှစ် အသီးသီး ဒီနေ့ ချမှတ်တယ်လို့ သူတို့ရဲ့မိတ်ဆွေ တွေက ပြောပါတယ်။ ဦးအုန်းကျော် အပါအဝင် ဒီ ၄ ဦးကို အာဏာပိုင်တွေက ဗီဒီယိုအက်ဥပဒေပုဒ်မ (၁၃/က) ၃၂၊ နိုင်ငံတော်အကြည်ညိုပျက်စေမှု

၅၀၅(ခ)တို့နဲ့ တရားစွဲခဲ့ပါတယ်။(November 7th , 2008 DVB) (November 17th , 2008 Khitpyaing)

5. ဂျင်နရေးရှင်းဝေ့ဗ် (မျိုးဆက်သစ်လူငယ်များအစည်းအရုံး)က ကျောင်းသားတဦးဖြစ်တဲ့ ကိုရန်နိုင်သူကိုလည်း ပုဒ်မတွေ ထပ်တိုးပြီး တရားစွဲဆိုထားတယ်လို့ သူ့သူငယ်ချင်းတယောက်က ပြောပါတယ်။ " ရုံးထွက်တဲ့အချိန်မှာ ထောင်ပူးဂမှာ ခေါင်းငုံ့ခိုင်းတယ်တဲ့၊ ဒီတော့ သူက ခေါင်းမငုံ့ ဘူးပေ့ါနော်၊ မငုံ့တဲ့အတွက် သူ့ကို နောက်ထပ်ပြစ်မှုတွေနဲ့ အရေးယူထားတယ်တဲ့။"ဘာပုဒ်မ တွေနဲ့ ထပ်မံအရေးယူသလဲဆိုတာ မသိရသေးဘူးလို့လည်း ပြောပါတယ်။ (November 7th , 2008 DVB)

6. အင်းစိန်ထောင်ထဲ ထိန်းသိမ်းခံထားရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုထွန်းထွန်းနိုင်ကို ထောင်တွင်းတရားရုံးကနေ ပုဒ်မ ၅၀၅(ခ) နဲ့ ပုဒ်မ ၃၃၊ ၃၈ နှစ်ခုပေါင်းပြီး ထောင်ဒဏ် ၁၉ နှစ် သောကြာနေက အမိန့်ချမှတ်လိုက်ပါတယ်။ (November 10th 2008 RFA) ကိုထွန်းထွန်းနိုင်နဲ့ ဦးသတ္တမခေါ် ဦးသက်ဇော်ပေ့ါ၊ လူနာမည်က။ သူတို့ကိုဖမ်းတာ ၃-၁၀-၂၀၀၇ ကဖမ်းတာ။အဲဒီမှာဖမ်းပြီးအခုမှချတာ၊အခုချလိုက်တာ၁၉ နှစ်။ သူတို့ကိုစွဲထားတာ ၃၃(က)/၃၈၊ ၂၉၅(က)၊၅၀၅(ခ)၊အဲဒီပုဒ်မတွေနဲ့ချတယ်။၃၃(က)/၃၈ ကတော့ အီလက်ထရောနစ်ဥပဒေ၊ ၁၅ နှစ်။ ၂၉၅(က)ကသာသနာညှိုးနွမ်းမှုဆိုပြီးတော့ ၂ နှစ်၊ ၅၀၅(ခ) ကလည်း နိုင်ငံတော်လက်အောက်ခံအဖွဲ့အစည်းကိုအကြည်ညိုပျက်စေမှုဆိုပြီးတော့၂နှစ်၊အာဏာကုန်တွေပဲချလိုက်တာ။"(November 10th , 2008 VOA)

## နိုဝင်ဘာလ (၈) ရက်

1) တရားရင်ဆိုင်နေရတဲ့၈၈မျိုးဆက်ကျောင်းများအဖွဲ့ထဲကရန်ကုန်မြို့အင်းစိန်ထောင်မှာကျန်ရှိနေသူတွေထဲက၁၄ဦးကိုပြီးခဲ့တဲ့သီးတင်းတပတ်လုံးရုံးထုတ်စစ်ဆေးရာမှာနေ့စဉ်မနက်၉နာရီမှညနေ၅နာရီအထိနမနားပဲတင်းတင်းကြပ်ကြပ်စစ်ဆေးခဲ့တဲ့အတွက်ပင်ပန်းတဲ့ဒဏ်ကြောင့်ဒေါ်စန်းစန်းတင်၊အေးသီတာ၊သော်ဇင်ထွန်း၃ဦးကိုဆေးရုံးပို့လိုက်ရတယ်လို့သိရပါတယ်။သူတို့၁၄ယောက်အဖွဲ့ကမနက်၉နာရီထဲကညနေ၅နာရီထိကိုဘာမှလည်းမစားရဗိုက်တွေလည်းဆာ၊ရေမသောက်ရ၊ဆီးမသွားရတော့ကျန်းမာရေးတွေလည်းထိခိုက်ကုန်ကြတယ်။ဆရာဝန်ကာ၁ရက်၊၂ရက်လောက်နားခိုင်းတယ်။ဒါကိုမနားပဲစနေနေ့ကိုဆက်လက်ရုံးထုတ်ဖို့စီစဉ်ခဲ့တဲ့အတွက်၈၈ကျောင်းသားတွေကစနေ့နေ့ဆက်စစ်မယ်ဆိုရင်သေနတ်ယူခဲ့ပြီးသူတို့ကိုပစ်သတ်ရန်တောင်းဆိုခဲ့သည့်အတွက်တနင်္လာမှဆက်လက်စစ်ဆေးမည်ဟုသိရသည်။(November 8th , 2008 RFA)

2) ဒေါ်အောင်ဆန်းစုကြည်မွေးနေ့တွင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့တွင်ဖမ်းဆီးခံရသော ရှေ့နေဦးရောဘတ်စန်းအောင်အပါအဝင်၁၄ဦးကိုပုံမှန်ရုံးထုတ်နေရာမှာအသက်၇၅နှစ်အရွယ်ရှိတဲ့ ဦးတင်အုန်းဟာစတင်ရုံးထုတ်ချိန်က၂ကြိမ်သာတရားရုံးထွက်နိုင်ပြီးနောက်ပိုင်းမှာကျန်းမာရေးမကောင်းတဲ့အတွက်ထောင်ဆေးရုံမှာတောက်ရှောက်တင်ထားရတယ်လို့ရှေ့နေဦးမောင်မောင်လတ်ကပြောပါတယ်။(November 8th, 2008 RFA)

3) ဒီရက်ပိုင်းအတွင်းထောင်ဒဏ်ချမှတ်ခံလိုက်ရတဲ့နိုင်ငံရေးအကျဉ်းသားကိုအောင်မင်းနိုင်(ခေါ်)မီးသွေး၊ကိုရန်နိုင်ထွန်း၊ကိုမျိုးကျော်ဇင်နှင့်ကိုဝင်းမြင့်တို့၄ဦးကိုကျန်နေတဲ့အမှုတွေအတွက်ထပ်မံရုံးထုတ်စဉ်ကခြေကျင်းခတ်မှုနဲ့ပက်သက်ပြီးဆန္ဒပြကာထောင်ပူးဝတွင်ထိုင်ချသည့်အတွက်ရဲတွေကသူတို့ကိုကားပေါ်အဓမ္မဆွဲတင်ခဲ့ကြောင်းထို့နောင်စစ်ခွေးတိုက်ကိုထပ်မံပို့လိုက်တယ်လို့စုံစမ်းသိရှိရပါတယ်။ဒါကြောင့်လက်ရှိအင်းစိန်ထောင်စစ်ခွေးတိုက်မှာအရင်သီတင်းပတ်ကအစာငတ်ခံဆန္ဒပြလို့ပို့ထားသူတွေနဲ့ဆိုရင်နိုင်ငံရေးအကျဉ်းသားစုစုပေါင်း၉ဦးရှိနေပြီလို့သိရပါတယ်။(November 8th , 2008 RFA)

4) မကြာသေးခင် ရက်ပိုင်းကပင် စစ်အစိုးရက ဖမ်းဆီးထားသည့် ရန်ကုန်အခြေစိုက် အပတ်စဉ်ထုတ် နယူးစ် ဝပ်ချ် သတင်း ဂျာနယ်မှ အယ်ဒီတာ ဦးခင်မောင်အေးနှင့် သတင်းထောက်

ကိုထွန်းထွန်းသိန်းတို့ကို အမြန်ဆုံး ပြန်လည် လွှတ်ပေးရန် လည်း မြန်မာသတင်း သမဂ္ဂ (BMA)နှင့် နယ်စည်းမခြား သတင်းသမားများအဖွဲ့ (RSF)တို့က နိုဝင်ဘာ ၈ ရက်နေ့တွင် တောင်းဆိုချက် ထုတ်ပြန်ထားသည်။(November 10th , 2008 Irrawaddy)

## နိုဝင်ဘာလ (၉) ရက်

1) ကိုထင်ကျော်ကို ပထမ ပုဒ်မတွေ ဖြုတ်ပြီးတော့ အရင်တုန်းက စွဲတဲ့ ပုဒ်မတွေကို ပြန်တပ်တယ်။ပြန်တပ်တဲ့ပုဒ်မတွေကို နိုင်ငံတော်ကို ခြိမ်းခြောက်မှုဆိုပြီးတော့ တရားသူကြီးက စွဲတဲ့အမှုပါ ထပ်တပ်တယ်။ အားလုံးပေါင်း ပုဒ်မ ၆ ခုလောက်ရှိမှာပေါ့။ နိုင်ငံတော်ကို ခြိမ်းခြောက်မှုဆိုတာ ၇နှစ်ပေါ့။ ဒီပြင် ပုဒ်မတွေက ၅၀၅ က ၂ နှစ်အများဆုံးပဲ။ ကျန်တဲ့ဟာတွေက ၆လ တွေပေါ့။ အဲဒီလောက် ရှိမယ်ပေါ့။" ကိုထင်ကျော် အမှု အနေနဲ့က ပြီးခဲ့တဲ့ ၂လလောက်ကတည်းက တရားရေးကို အုပ်ချုပ်ရေးပိုင်းက လွှမ်းမိုးနေတယ် ပေါ့။ တရားရုံးကို အယုံအကြည်မရှိတဲ့အတွက် သပိတ်မှောက်တဲ့အနေနဲ့ သူက ရုံးမထွက်ဘူး။ ရုံးမထွက်တဲ့အခါကျတော့ သူ့ကို ထောင်ဗူးထဲက အတွင်းရုံးမှာပဲ ထုတ်လာတာ ၂လ လောက်ရှိပြီ။ အဲဒီလိုထုတ်တဲ့အခါကျတော့ ရှေ့နေတွေလည်း ပေးမဝင်ဘူး။ ကျမတို့ မိသားစုလည်း မဝင်ရဘူး။ ကြာပြီ။ ၂ လလောက် ရှိပြီ။ တစ်ဖက်သတ်စစ်တာပေါ့။ (November 9th ,2008 RFA)

## နိုဝင်ဘာလ (၁၀) ရက်

1) မြန်မာနိုင်ငံကဒီမိုကရေစီနှင့်.လူ့အခွင့်.အရေးအခြေအနေတွေကိုနိုင်ငံတကာကပိုသိလာအောင်နှင့်. မြန်မာအရေးကိုထောက်ခံတဲ့.အနေနဲ့.စပိန်နိုင်ငံကတ်တာလိုနီးယားပြည်နယ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်နဲ့.ထိုင်းမြန်မာနယ်စပ်မယ်တော်ဆေးခန်းကဒေါက်တာစင်သီယာမောင်တို့.ကိုလူ့. အခွင့်.အရေးဆုချီးမြှင့်.မယ်လို့.ဒီနေ့.သိရပါတယ်။(November 10th , 2008 RFA)
2) လက်ရှိ အင်းစိန်ထောင်တွေထဲမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အဖွဲ့ဝင် စုစုပေါင်း ၂၅၀ ကျော်ရှိတယ်လို့.လည်း သိရပါတယ်။ (Nov 10th , 2008 RFA)
3) ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှာ အဖမ်းခံခဲ့ရတဲ့ အင်တာနက် ကိုယ်ပိုင်စာမျက်နှာ ဖန်တီးသူ Blogger ကိုနေဘုန်းလတ် (၂၈ နှစ်) ကို ဒီကနေ့မှာ အင်းစိန်ထောင်အတွင်း အနောက်ပိုင်းခရိုင်တရားရုံးက တရားသူကြီး ဒေါ်စိုးဉာဏ်ကနေ စွပ်စွဲထားတဲ့ပုဒ်မ သုံးခုနဲ့ ထောင်ဒဏ် အနှစ် ၂၀ နဲ့ ခြောက်လ အင်းစိန်ထောင်အတွင်းရှိ အထူးတရားရုံးတွင် တံခါးပိတ် စီရင်ချက် ချမှတ်လိုက်ပါတယ်။ နိုင်ငံရေး ပုဒ်မ ၅၀၅ (ခ)နဲ့ ထောင်ဒဏ် ၂ နှစ်၊ (၃၂(ခ)၊ ၃၆) ဗီဒီယိုပုဒ်မနဲ့ ထောင်ဒဏ် ၃ နှစ်နဲ့ ခြောက်လ အီလက်ထရောနစ် ပုဒ်မနဲ့က ၁၅ နှစ်စီ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ အခြားသူများနဲ့ အတူမထားပဲ သီးခြားခွဲပြီး ချုပ်ထားကြောင်း သိရသည်။ (November 10th ,2008 RFA) (November 10th ,2008 Hittaing)
4) သူနဲ့အတူ အဖမ်းခံရတဲ့ မသင်းဇူလိုင်ကျော်ကို နိုင်ငံရေးပုဒ်မ ၅၀၅(ခ)နဲ့ ထောင်ဒဏ် ၂ နှစ်နဲ့ ခြောက်လ ချမှတ်ခဲ့ပါတယ်။ (November 10th , 2008 RFA)
5) ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် ဇန်နဝါရီလကတည်းက အဖမ်းခံခဲ့ရတဲ့ ကဗျာဆရာ ကိုစောဝေကို အင်းစိန်အကျဉ်းထောင် အထူးတရားရုံးကနေ ပုဒ်မ ၅ နဲ့ ထောင်ဒဏ် ၂ နှစ် ချမှတ်လိုက်ပါတယ်။ ကျန်းမာရေးကတော့ သိပ်မကောင်းဘူး။ "သူက နဂိုကတည်းက ခါးနာတာ၊ ခါးနာတော့ အဲဒီမှာကျတော့ လမ်းလျှောက်လို့ ဘာလို့ မရဘူးလေ။ သူက အမြဲတမ်း လမ်းလျှောက်တာကိုး။ ပြီးတော့ အစာအိမ်ပေါ့။ အဲဒီက အစားအသောက်တွေနဲ့ သူနဲ့ သိပ်အဆင်မပြေဘူးပေါ့။ စိတ်ဓါတ်ရေးရာ တော့ ခံနိုင်ပါတယ်"ဟုကိုစောဝေရဲ့.အမျိုးသမီးကပြောပါတယ်။ (November 10th RFA)

6) မစုစုနွေးသည် ၎င်း၏ အကျိုးဆောင်ရှေ့နေပါဂါကို ကိုယ်တိုင်လက်မှတ်ထိုးရုပ်သိမ်း လိုက်ကြောင်းနှင့် အာဏာပိုင်များက ၎င်းအား ပုဒ်မ ၆ ခု တိုးခဲ့ကြောင်း သိရသည်။မစုစုနွေးအား ပထမ ဦး စွာပုဒ်မ ၁၂၄ (က)၊ ၁၃၀ (ခ)၊ ၅၀၅(ခ)/၃၄များဖြင့် စွဲဆိုကြောင်း၊ ၎င်းနောက် ပုဒ်မ ၁၂၄(က)အား နိုင်ငံတော်က ဖြုတ်လိုက်ကြောင်း နှင့် ၎င်းနောက်ပုဒ်မ ၁၅၂၊ ၁၃၀(ခ)၊ ၅၀၅(ခ) များဖြင့်ထပ်မံ စွဲဆိုခဲ့ရာရှေ့နေများက ကန့်ကွက်ထားကြောင်း သိရသည်။(November 1$^{0th}$ , 2008 Irrawaddy)

## နိုဝင်ဘာလ (၁၁) ရက်

1) ရွှေဂါရောင် လူထုအုံကြွမှုတွင် ဦးဆောင်ပါဝင်ခဲ့သော ၈၈ မျိုးဆက်ကျောင်းသား ၁၄ ဦးကို စစ်အစိုးရကဒီကနေ့မှာပုဒ်မ၂ခုနှင့်.အင်းစိန်သီးသန့်.အထူးတရားရုံးက ထောင်ဒဏ် ၆၅ နှစ် ချမှတ်လိုက်သည်ဟု မိသားစုဝင်များနှင့် မိတ်ဆွေများ အပြောအရ သိရသည်။ထောင်ချခံရာတွင် ပါဝင်သည့် ကိုပဏ္ဍိတ်ထွန်း၏ မိခင်ဖြစ်သူအပြောအရ ကိုဂျင်မီ (ခ) ကိုကျော်မင်းယု၊ ကိုမင်းဇေယျ၊ ကိုအုံ့ဘွယ်ကျော်၊ ကိုဇေယျ၊ ကိုသက်ဇော်၊ ကိုအေးသန်း (ခ) ကိုသန့်တင်၊ ကိုကျော်ကျော်ထွေး၊ ကိုဇော်ဇော်မင်း၊ မနီလာသိန်း၊ မမာမာဦး၊ မစန္ဒာမင်း၊ မမီးမီး (ခ) မသင်းသင်းအေး၊ မသက်သက်အောင်တို့လည်း ပါဝင်သည်ဟု သိရသည်။ (November11$^{th}$,2008AAPPB)(November11$^{th}$,2008Mizzima)သူတို.၁၄ယောက်ကိုအီလက်ထရော နစ်ပုဒ်မ၃၃(က)နဲ.၄မှု၊အဲဒီ၄ခုကတစ်ခုကို၁၅နှစ်စီနဲ.အနှစ်၆၀၊နောက်ပြီးအသင်းအဖွဲ.မှု ပုဒ်မ၆ က၅နှစ်၊ပေါင်း၆၅နှစ်ကျပြီးရှေ.နေများလည်းဝင်ခွင်.မရှိဘူးလို.သိရပါတယ်။ (November 11$^{th}$ ,2008 RFA)

2) ***မမီးမီးလို.လူသိများတဲ.မသင်းသင်းအေးက***၆၅နှစ်ထောင်ချပြီးနောက် ***"ဘယ်တော.မှမကြောက် ဘူး၊မြန်မာပြည်အမြန်လွတ်မြောက်ပါစေအရေးတောင်ပုံအောင်ရမည်လို."***ကြွေးကြော်သလို ***ကိုမင်းဇေယျကလည်း၆၅နှစ်ထဲလားကွာ***လို.အော်သွားကြောင်းသိရှိရပါတယ်။သူတို.၁၄ဦးဟာ ကြာသာပတေးနေ.မှာထောင်ဝင်စာတွေ.နိုင်ကြောင်းလည်းသိရှိရပါတယ်။(November 11$^{th}$ , 2008 RFA)

7) ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနဲ့ ဓနသဟာယ ဝန်ကြီးရုံးကအခုလို၈၈မျိုးဆက်ကျောင်းသားတွေအပေါ် ကြီးလေးတဲ့ထောင်ဒဏ် ချမှတ်တာကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက်တဲ့ ကြေညာချက် ဒီကနေ.ထုတ်ပြန်ခဲ့ပါတယ်။ အခုလို ၈၈ မျိုးဆက်ကျောင်းသားတွေကို နှစ်ရှည်ထောင်ဒဏ် ချမှတ်တာဟာဆိုးရွားနေတဲ့မြန်မာစစ်အစိုးရရဲ့လူ့အခွင့်အရေးမှတ်တမ်းကိုကောင်းမွန်တိုးတက် အောင်၊နိုင်ငံရေးမှာပါဝင်ပတ်သက်ဆောင်ရွက်မှုတွေတိုးများလာအောင်လုပ်ဆောင်ဖို့တွေ အတွက်မြန်မာအာဏာပိုင်တွေမှာစိတ်ဆန္ဒမရှိဘူးဆိုတာပြသလိုက်ခြင်းဖြစ်တယ်လို့လန်ဒန်အ ခြေစိုက်Amnesty Internationalခေါ်နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးရဲ့တာဝန်ရှိသူ ဘန်ဂျမင် ဇာဝက်ကီး (Benjamin Zawacki) က မနေ့ကပြောဆိုလိုက်ပါတယ်။(November 12$^{th}$ , 2008 VOA)

8) နိုင်ငံရေးအကျဉ်းသားတွေ အားလုံး အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ချွင်းချက်မရှိ ပြန်မလွှတ်ပေးသမျှ ကာလပတ်လုံး ၂၀၁၀ ခုနှစ်မှာ ကျင်းပဖို့ စီစဉ်ထားတဲ့ ပါတီစုံ ရွေးကောက်ပွဲဟာ တရားဝင်ဖြစ်တဲ့ ရွေးကောက်ပွဲ ဖြစ်မှာမဟုတ်ဘူးလို့ အီးယူ ဥရောပသမဂ္ဂက အသင့်ပြင်ဆင်ထားတယ်လို့လည်း ကြေငြာလိုက်ပါတယ်။ မြန်မာနိုင်ငံက လက်ရှိအခြေအနေ တိုးတက်စေရေးအတွက် အီးယူက ချမှတ်ထားတဲ့ အစီအစဉ်တွေကို ပြောင်းလဲဖို့၊ ပြင်ဆင်ဖို့ ဒါမှမဟုတ် ထပ်ပြီး အားဖြည့်ဖို့ ဥရောပ သမဂ္ဂက အသင့်ပြင်ထားတယ်လို့လည်း ကြေငြာချက်မှာ ပါရှိပါတယ်။ (November 11$^{th}$ , 2008 RFA)

9) မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းမြန်မာနယ်စပ်ရှိ မယ်တော်ဆေးခန်း တည်ထောင်သူဒေါက်တာစင်သီယာမောင်တို့အားစပိန်နိုင်ငံရှိကတ်တာလိုနီးယားပြည်နယ်အစိုးရက

ၚင်းမြို့၏ အမြင့်ဆုံးဂုဏ်ထူးဆောင် နိုင်ငံတကာ ဆုချီးမြှင့်ပွဲကို ယနေ့ကျင်းပမည်ဖြစ်သည်။ ကတ်တာလိုနီးယားပြည်နယ်သည်စပိန်နိုင်ငံမြောက်ပိုင်းတွင်တည်ရှိပြီးၚင်းပြည်နယ်၏ဂုဏ်ထူး ဆောင်ဆုကိုကမ္ဘာပေါ်ရှိလူ့အခွင့်အရေး၊ယဉ်ကျေးမှု၊သိပ္ပံပညာရပ်များဆိုင်ရာတို့တွင်ဖွံ့ဖြိုးတိုးတက်ရန် ဆောင် ရွက်သူများအား ချီးမြှင့်ကြောင်း လည်းသိရသည်။ ၚင်းဆုတွင် ခရိုနာငွေ ၁သိန်း အပါအဝင် အထိမ်းအမှတ် သော့ ကျောက်ဆစ်ရုပ်ကိုပါ လက်ခံရရှိမည် ဖြစ်သည်။(November 11th , 2008 Irrawaddy)

10) မြန်မာစစ်အစိုးရဟာနိုင်ငံရေးအတိုက်အခံတွေကိုဖိနှိပ်ဖို့အတွက်တရားစီရင်ရေးစနစ်ကိုအသုံးချနေတယ် ဆိုပြီး ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးသူ တိုးမတ်စ် အိုဟေးယား ကင်တားနား (Tomas Ojea Quintana) ကပြောဆိုဝေဖန်ပါတယ်။(November 11th , 2008 VOA)

11) စစ်အစိုးရက ဖမ်းဆီးထားသော တောင်ဥက္ကလာ ငွေကြာယံကျောင်းတိုက်မှ သံဃာတော် ၅ ပါး အပါအဝင် ၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင်များ၊ လူ့အခွင့်အရေး လှုပ်ရှားသူများ၊ တသီးပုဂ္ဂလ လူမှုရေးလှုပ်ရှားသူများ စသည့် လူပေါင်း ၄၀ ခန့်ကို ယနေ့တွင် ထောင်ဒဏ် အမြင့်ဆုံး ၆၅ နှစ် အထိချမှတ်လိုက်သည်။ငွေကြာယံ ကျောင်းတိုက်မှ သံဃာ ၅ ပါးမှာ ဦးနန္ဒ၊ ဦးဂိလာသက္က၊ ဦးအဂ္ဂဓမ္မ၊ ဦးကုသရိယနှင့် ဦးဇာနေယ တို့ကို ပုဒ်မ ၁၄၃ ကတော့ လူစုလူဝေးနောက် လိုက်ပါမှု၊ တရားမဝင် လူစုဝေးမှု၊ ၁၄၇(က) ဆူပူအောင် သွေးထိုးလှုံ့ဆော်မှု ဖြစ်ပြီး ပုဒ်မ ၅၀၅(ခ) ကတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်မှု ပုဒ်မတွေနဲ့ ထောင် ၆ နှစ်ခွဲစီချမှတ်လိုက်သည်။ (November 11th , 2008 Irrawaddy)(November 12th , 2008 Mizzima)(November 12th , 2008 RFA) ငွေကြာယံကျောင်းတိုက်က ဦးဇာဂေဃ လူအမည် ဦးဉာဏ်ဝင်း၊ ဦးအဂ္ဂဓမ္မ လူအမည် ဦးမိုးထက်၊ ဦးကုသရိယ လူအမည် ဦးအေးမောင်၊ ဦးနန္ဒ လူအမည် ဦးသန်းထွန်းအေး၊ ဦးဝေါသိက လူအမည် ဦးကျော်သိန်းတို့ကို ပုဒ်မ ၂၉၅ သာသနာတော်ကို ညှိုးနွမ်းအောင် လုပ်ဆောင်မှုအပြင် တရားရုံးကို ဖီဆန်မှုနဲ့ တောင်ဥက္ကလာပမြို့နယ် တရားရုံးက ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ထောင်ဒဏ်စုစုပေါင်း ၄နှစ်ခွဲစီ ချမှတ်လိုက်ပါတယ်။ (November 20th , 2008 RFA)

12) ရောဂတီတိုင်း ဘိုကလေးမြို့မှ ကိုပြည့်ဖြိုးလှိုင်နှင့် ၉ ဦးကိုလည်း ထောင်ဒဏ် ၈ နှစ်မှ ၂၄ နှစ်အထိ ချမှတ်လိုက်ကြောင်း သိရသည်။ ကိုပြည့်ဖြိုးလှိုင် ကိုပုဒ်မ (၁၃/၁)၊ ပုံနှိပ်ဥပဒေ (၁၇/၂၀)၊ ၅၀၅(ခ) တို့ဖြင့်. ထောင်ဒဏ် (၂၄) နှစ်၊ နေလင်းအောင်အား ထောင်ဒဏ် (၂၂)နှစ်၊ ကိုမြတ်လင်းထွဋ်၊ ကိုသိန်းဇော်၊ ကိုပြည့်ဖြိုးအောင်၊ ကိုအောင်မျိုးပိုင်နှင့် ကိုသီဟအောင်တို့အား ထောင်ဒဏ် ၁၀ နှစ်စီ၊ ကိုသီဟသက်ဇင်နှင့် ကိုဖြိုးမောင်မောင်စိုးတို့အား ထောင်ဒဏ် ၈ နှစ်စီ ပြစ်ဒဏ်ချခဲ့ခြင်း ဖြစ်သည်။(November 11th , 2008 AAPP) (November 11th , 2008 Irrawaddy)

13) လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေးအား ထောင်ဒဏ် ၁၂ နှစ် ၆ လ ချမှတ်ပြီး၊မစုစုနွေးနှင့်အတူ ကိုဘိုဘိုလှိုင်ဝင်းသည် ထောင် ၈ နှစ် ချမှတ်ခံရကြောင်းလည်း သိရသည်။ရွှေသံစဉ်ကို ဝင်းမော်နှင့် အိပ်ချ်အိုင်ဗီဝေဒနာရှင်များကိုကူညီနေသူကိုသန်းနိုင်တို့ကိုလည်းထောင်၇နှစ်စီချမှတ်လိုက်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းကိုသိန်းအေးကိုလည်းထောင်ဒဏ်၂နှစ်ချမှတ်လိုက်သည်ဟုသိရပါ သည်။(November 11th , 2008 Irrawaddy)

14) (HRDP)အဖွဲ့မှ ကိုအောင်ဇော်ဦး(ဘိုကလေး)၊ ကိုကျော်စိုး(တောင်ကြီး)၊ ကိုမောင်ကံ (ဝါးခယ်မ)တို့အား ထောင်ဒဏ် (၁၂) စီနှင့် ကိုအောင်မြင့်အား ထောင်ဒဏ် (၂) နှစ် အသီးသီး ချမှတ်လိုက်သည်။(November 11th , 2008 AAPP)

15) တခြားသော ၈၈ မျိုးဆက်ကျောင်းသား ၁၄ဦးကိုလည်းလာမည့်ကြာသပတေးနေ့ရုံးထုတ်မတိုင်မီ ထောင်ဒဏ်ချ မှတ်ရန်အစီအစဉ်ရှိကြောင်း၊ကျန်ဖမ်းဆီးထားသည့်နိုင်ငံရေးလှုပ်ရှားသူအားလုံးကို နိုဝင်ဘာ ၂၅ ရက် ဝန်းကျင် တွင် ပြစ်ဒဏ်များ စီရင်နိုင်ကြောင်းလည်း အကျိုးဆောင်ရှေ့နေများ အသိုင်းအဝန်းက သိရသည်။ "အာဏာပိုင်တွေက လွန်ခဲ့တဲ့ ၂ ပတ်လောက်ကတည်းက နိုဝင်ဘာ လကုန်ပိုင်းလောက်မှာ ပြစ်ဒဏ်စီရင်တာတွေ အပြီးဖြတ် မယ်လို့ ကြားနေရတယ်၊ ဇေယျာသော်အမှုကိုလည်း ၂၀ရက်လောက်မှာဖြတ်မယ်လို့သိရပါတယ်"ဟုဖမ်းဆီးခံထားရသည့်

အဆိုတော် ဇေယျာသော်၏ ရှေ့နေ ဦးအောင်ကြီးက ပြောဆိုသည်။(November 11th , 2008 Irrawaddy)

16) ရခိုင်ပြည်နယ် မောင်တောမြို့မှ မူဆလင်ဘာသာဝင် ခေါင်းဆောင် ၉ ဦးကို ထောင် ၁၀ နှစ်မှ ၁၃ နှစ်ခွဲထိ ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။ ရှေ့နေကိုသန်းထွန်းအား မတရားအသင်းဖွဲ့မှုကြောင့် ထောင် ၁၀ နှစ်၊ မတရားအသင်းနှင့် ဆက်သွယ်မှုကြောင့် ထောင် ၃ နှစ်နှင့် ခွင့်ပြုချက်မရှိဘဲ အိမ်ပေါ်တွင် အစည်းအဝေးလုပ် မှုကြောင့် ထောင် ၃လ စုစုပေါင်း ထောင်ဒဏ် ၁၃ နှစ်နှင့် သုံးလ ချမှတ်လိုက်သည်။မောင်တောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်တည်ထောင်သူ ကိုကျော်ဝင်း၊ စိန်သုံးလုံးရွှေဆိုင် ပိုင်ရှင်အပါအဝင် ကျန်လူ ၈ ဦးကို ထောင် ၁၀ နှစ်စီ ချမှတ်လိုက်သည်ဟု သိရသည်။(November 11th , 2008 Narinjara)

17) ဖမ်းဆီးစဉ်က ၁၂ ဦး ဖြစ်သော်လည်း ကျန် ၃ ဦးကို တရားသေလွှတ်ပေးခဲ့သည်။ တရားသေ လွှတ်ပေး ခံခဲ့ရသူများမှာ ဒေါက်တာလှမြင့်၊ သွားဆရာဝန် အဏ္ဏဂါနှင့် နော်ရူလ်ကော်ဘီတို့ ဖြစ်သည်။ သူတို့ ၃ ဦးမှာ အစိုးရ၏ တရားလိုအဖြစ် လိုက်ပါဆောင်ရွက်ရန် သဘောတူ ခဲ့သဖြင့် မောင်တောမြို့နယ်တရားရုံးက တရားသေ လွှတ်ပေးခြင်းဖြစ်ကြောင်း မောင်တောက ရှေ့နေတဦးက ပြောသည်။(November 11th , 2008 Narinjara)

## နိုဝင်ဘာလ (၁၂) ရက်

1) ကိုဇော်ဇော်မင်းရဲ့သား ၂၀၀၇ ခုနှစ်ကျောင်းသား ကိုဒီငြိမ်းလင်းကိုလည်း အာဏာပိုင်တွေက ဖမ်းထားပြီး ပုဒ်မမျိုးစုံနဲ့ တရားစွဲထားပါတယ်။ အာဏာပိုင်တွေက ကိုဒီငြိမ်းလင်းအပေါ် ပုဒ်မတွေ အဆင့်အဆင့်တိုးပြီး တရားစွဲနေတယ်လို့ သူ့မိခင် ဒေါ်ငွေငွေဝင်းက ပြောပြပါတယ်။ " သားက အခုစမ်းချောင်းတရားရုံးမှာ၊ သိထားတာက ၅၀၅(ခ)နဲ့ ၁၄၇ ပေါ့။ ကိုယ့်ဘက်က လျှောက်လဲတော့ နောက်တစ်ခါ စာထပ်ပေါ်လာတယ်။ ၁၄၃ နဲ့ ၂၉၅... သူတို့ ထပ်တပ်လာတယ်လေ။ အဲဒီစမ်းချောင်းမှာတင် ၄ ခုပေါ့။ နောက်တစ်ခါ ဒဂုံ တရားရုံးမှာ အသင်းအဖွဲ့ ပုဒ်မ ၆။ တခါ မနေ့က ကျမသားကို ထောင်ဝင်စာ သွားတွေ့တဲ့အခါမှာ ထပ်ပြီးတော့ ထန်းတပင်တရားရုံးက နေပြီးတော့ ၅၀၅(ခ) နဲ့ ၁၄၇ နှစ်ခါတောင် ဖွင့်တာပေါ့။ (November 12th , 2008 DVB)

2) အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အဆိုပါ ထောင်ဒဏ်ချမှတ်ခြင်းများကို ပြင်းထန်စွာ ရှုတ်ချလိုက်ပြီး ထောင်ဒဏ်ချခံ ရသူ ဒီမိုကရေစီအရေး ဆောင်ရွက်သူများသည် ရာဇဝတ်သားများမဟုတ်ဘဲ နအဖစစ်အစိုးရ၏ တရားမဝင်မှုကို ငြိမ်းချမ်းစွာ စိန်ခေါ်သူများသာဖြစ်ကြောင်း ယမန်နေ့က ထုတ်ပြန်ခဲ့သည်။(November 13th , 2008 Khitpyaing)

3) အဖမ်းခံထားရသည့် ရှင်စန္ဒိမာ (ခ) ဆွေမင်းနှင့် အန်အယ်ဒီလူငယ် ကိုထွန်းမြင့်အပါအဝင် အမှုတွဲ (၁၄) ဦးတို့အား လုံခြုံရေးအရဟု အကြောင်းပြလျက် ဗဟန်းမြို့နယ်တရားရုံးတွင် ရုံးထုတ်စစ်ဆေးနေရာမှ အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ အထူးတရားရုံးတွင် ပြောင်းရွှေ့စစ်ဆေးခဲ့သည်။ ရှင်စန္ဒိမာနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သတင်းပြန်ကြားရေးအဖွဲ့ (လူငယ်) ကိုထွန်းမြင့်အပါအဝင် စုစုပေါင်း (၁၄) ဦးကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၃/၅၀၅(ခ) အရ တရားစွဲဆိုခဲ့သည်။(November 12th, 2008 Khitpyaing)

4) နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းအရ ရွှေဂါရောင် တော်လှန်ရေး ကာလနောက်ပိုင်းတွင် ရန်ကုန်၊ မန္တလေးနှင့် အခြား နယ်မြို့များမှ ကျောင်းတိုက် ပေါင်း ၅၂ တိုက်ကို ဝင်ရောက် စစ်ဆေးမှုများ၊ သံဃာတော်များအား ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ ထို့အပြင် ထိုစဉ်က ထိန်းသိမ်းခဲ့သော သံဃာတော် အပါးပေါင်းမှာ ၆၀၀ နီးပါး ရှိခဲ့ သည်ဟု ဆိုသည်။(November 12th , 2008 Mizzima) ထောင်တွင်းမှာ လောလောဆယ် အဖမ်းခံရတဲ့ သံဃာနဲ့ သီလရှင် ၂၀၀ ကျော်ရှိမယ်လို့ သံဃာ့တပ်ပေါင်းစု သတင်းရပ်ကွက်က သိရပါတယ်။ (November 12th ,2008 RFA) အင်းစိန်ထောင်တွင်းမှာ ခေါင်းကိုက်ဝေဒနာကို ခံစားနေရတဲ့

သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရကိုလည်း မကြာခင်မှာ စီရင်ချက်ချတော့ မယ်ဆိုတဲ့ သတင်းကိုလည်း သိရပါတယ်။ (November 12$^{th}$ ,2008 RFA)

## နိုဝင်ဘာလ (၁၃) ရက်

1) NLD အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်တွေနဲ့ ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့ဝင်တွေကို ဒီကနေ့ နိုဝင်ဘာ ၁၃ ရက်နေ့မှာ အင်းစိန်အထူးတရားရုံးနဲ့ တာမွေမြို့နယ် တရားရုံးကနေ ထောင်ဒဏ် အသီးသီး ချမှတ်လိုက်ပါတယ်။ ဗကသများ အဖွဲ့ချုပ် အဖွဲ့ဝင် မဟာန်နီဦးကို ပုဒ်မ ၄ ခု နဲ့ စွဲချက်တင်ပြီး ထောင်ဒဏ် ၉ နှစ်ခွဲ ချမှတ်လိုက်ပါတယ်။ ပုဒ်မ ၁၄၃က ၆ လ၊ ၁၄၅က ၂ နှစ်၊ ၅၀၅(ခ)က ၂ နှစ်ပါခင်ဗျ။ အသင်းအဖွဲ့ ၆ ကတော့ ၅ နှစ်ချပါတယ်ခင်ဗျ။ အားလုံးစုစုပေါင်း ဆိုရင်တော့ ၉ နှစ် နဲ့ ၆ လ ဖြစ်တာပေါ့ခင်ဗျ။ အရှေ့ပိုင်းခရိုင်တရားရုံးနဲ့ ခုံ(၁)ကပါ တာမွေကနေ ချမှတ်လိုက်တာပါ။ ဗကသများအဖွဲ့ချုပ် အဖွဲ့ဝင် နောက်တစ်ဦးဖြစ်တဲ့ ကိုစည်သူမောင်ကိုတော့ ရုံးချိန်းထပ်မံ ရွှေ့ဆိုင်းလိုက်ပါတယ်။ (November 13$^{th}$ , 2008 RFA)
2) စက်တင်ဘာလှုပ်ရှားမှုမှာ ပါဝင်ခဲ့တယ်ဆိုပြီး ဖမ်းဆီးခံထားရတဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင် ကိုမျိုးခင်နဲ့ တောင်ဥက္ကလာပမြို့နယ်က ကိုမျိုးခိုင်တို့ နှစ်ဦးကို အရှေ့ပိုင်းခရိုင်တရားရုံး မှာပဲ ပုဒ်မ ၁၄၃၊ ၁၄၅၊ ၅၀၅(ခ) စတဲ့ ပုဒ်မတွေနဲ့ ကိုမျိုးခင်ကို ၄ နှစ်ခွဲနဲ့ ကိုမျိုးခိုင်ကို ၆ နှစ်ခွဲ ထောင်ဒဏ် အသီးသီး ဒီကနေ့ ချမှတ်ခဲ့တယ်လို့ တရားရုံးကို သွားရောက်ကြားနာခဲ့တဲ့ မိသားစု ဝင်တွေက ပြောကြားခဲ့ပါတယ်။ (November 13$^{th}$ , 2008 RFA)
3) ၂၀၀၈ ခုနှစ် ဇန်နဝါရီလဆန်းကတည်းက အဖမ်းခံခဲ့ရတဲ့ ကိုမင်းဟန်ကို ပုဒ်မ ၁၄၅၊ ၁၄၇၊ ၅၀၅(ခ)၊ ၂၉၅(က)၊ ၁၅၂ စတဲ့ ပုဒ်မတွေနဲ့ ထောင်ဒဏ် ၁၁ နှစ် ချမှတ်လိုက်ပါတယ်။နောက်တခါ အလုံမြို့နယ် တရားရုံးကနေ ကွန်ပျူတာပညာရှင်တဦးဖြစ်သည့် မမြတ်မြတ်သိမ့်ကို ထောင်ဒဏ် ၅ နှစ်ချလိုက်တယ်။ ၈၈ မျိုးဆက် ကျောင်းသားတွေ ဖြစ်တဲ့ ကိုမျိုးရန်နောင်သိမ်းနဲ့ ကိုမင်းမင်းစိုးတို့ကို ပုဒ်မ ၅၀၅(ခ)နဲ့ ထောင်ဒဏ် ၂ နှစ်စီ ချမှတ်လိုက်ပါတယ်။ (November 13$^{th}$ , 2008 RFA)(November 13$^{th}$ , 2008 VOA)
4) ဒီနေ့ လှိုင်သာယာရုံးကနေ အင်းစိန် ထောင်တွင်းတရားရုံး၊ ဘူးရုံးကို ရွှေ့လိုက်တဲ့၁၁ ယောက်၊ ရန်နိုင်ထွန်း၊မီးသွေးခေါ်အောင်မင်းနိုင်၊သန့်စင်မျိုး၊အသက်၇၂နှစ်အရွယ်ရှိဦးတင်ယု၊ကျော်စိုးဝင်း၊ ဆန်းဝင်း၊ကိုမျိုးကျော်ခင်၊ ကိုဝင်းမြင့်၊ ကိုဆန်းနိုင်၊ စိုးမင်းမင်းခေါ်စိုးငယ်၊ မလှလှမော်၊ အဲဒီ ၁၁ ယောက်ကို ထောင် ၇ နှစ်ခွဲ၊ ယနေ့နံနက် (၁၀) နာရီတွင် အင်းစိန်အထူး ဘူးရုံးထဲကချလိုက်တယ်။ ပုဒ်မတွေက၁၄၃၊၁၄၅၊၁၅၇၊၅၀၅(ခ)။(November13$^{th}$,2008VOA)အဆိုပါထောင်ဒဏ်ချမှတ်ခံရသူများ မှကိုရန်နိုင်ထွန်း၊ကိုမျိုးကျော်ဇင်၊ကိုအောင်မင်းနိုင်နှင့်၄င်းတို့၏အကျိုးဆောင်ရှေ့နေတဦးဖြစ်သည့်ကိုညီညီထွေးတို့ကိုလွန်ခဲ့သည့်လကုန်ပိုင်းကတရားစီရင်မှုကိုနှောင့်ယှက်သည့်ပုဒ်မ၂၂၈ဖြင့် မြောက်ပိုင်းခရိုင်တရားရုံးက ထောင်ဒဏ် ၆ လစီ ချမှတ်ခြင်း ခံခဲ့ရသည်။(November 13$^{th}$ , 2008 Irrawaddy)ထို့အပြင်ကိုအောင်မင်းနိုင်ခေါ်မီးသွေးသည်ပြီးခဲ့သည့်အပတ်ကအနောက်ပိုင်းခရိုင်တာမွေမြို့နယ်တရားရုံးမှ ထောင်ဒဏ် (၄) နှစ်ခွဲချထားခံခဲ့ရသူလည်းဖြစ်ပြီး မျိုးကျော်ဇင်သည်လည်း တရားရုံးမထိမဲ့မြင်မှုဖြင့်ထောင်ဒဏ်(၆)လချခံရပြီးနောက်မကြာမီအခြားပုဒ်မတခုဖြင့်ထောင်(၂)နှစ်ချခံထားရသူဖြစ်ကြောင်းလည်း သိရသည်။(November 13$^{th}$ , 2008 Khitpyaing)

5) လှည်းတန်းတရားရုံးတွင် အမှုရင်ဆိုင်နေရသူ ကိုသန်းဇော်မြင့်၊ ကိုသိုက်မင်း၊မငယ်၊ကိုသန့်ဇင်မျိုးနှင့် အခြားနှစ်ဦးတို့အားတရားရုံးအာဏာပိုင်များကအင်းစိန်ထောင်တွင်းတရားရုံးသို့ယနေ့လွှဲပြောင်း လိုက်ပြီး မနက်ဖြန်တွင် အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရ သည်။(November 13th , 2008 Yoma3)

6) ပြီးခဲ့သည့် တနင်္လာနေ့က ထောင်ဒဏ် (၆၅) နှစ်စီချခံခဲ့ရသည့် ၈၈ မျိုးဆက်ကျောင်းသား (၁၄) ဦးနှင့်ပတ်သက်၍ ကျန်ရှိနေ သေးသော အမှုများကို ဆက်လက်စစ်ဆေးနေဆဲဖြစ်ကြောင်းနှင့် နောက်ထပ်ထောင်ဒဏ်ဆက်ချဦးမည့်အလားလာရှိကြောင်းထောင်ဒဏ်ချမှတ်ခြင်းခံရသူတဦးဖြစ်သည့် ကိုပဏ္ဍိတ်ထွန်း၏ မိခင် ဒေါ်ညွန့်ညွန့်ဦးက ခေတ်ပြိုင်သို့ ပြောသည်။လုံးဝတွေ့ခွင့်မရှိဘူး။ ပါသွားတဲ့အစားအသောက်နဲ့ အနွေးထည်တောင် ပါဆယ်လက်မခံဘူး။ သူတို့အမှုဆက် စစ်ဆေးဖို့ ရှိသေးတယ်လို့ပဲ ဖြေတယ်။ စနေ၊ တနင်္ဂနွေမှပဲ အရင်တုန်းကလိုမျိုးပဲတွေ့ရမယ်။ ဘယ်လောက်ကြာမယ်ဆိုတာ တောင် မသိသေးဘူး။ အမှုတွေအများကြီး စွဲထားတာလေ။ နောက်ထပ်က ထပ်ချဦးမယ့်အလားအလာတွေရှိသေးတယ်" ဟု ပြောသည်။(November 13th , 2008 Khitpyaing)

7) မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ထောင်ဒဏ်ချမှတ်လိုက်တဲ့အပေါ် အမေရိကန်ပြည်ထောင်စုက ကန့်ကွက် ရှုတ်ချလိုက်ပါတယ်။(November 13th , 2008 VOA)

8) ယခုကဲ့သို့ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခြင်းခံရသူများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန် လွှတ်ပေးရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းက ထပ်မံတောင်းဆိုလိုက်သည်။(November 13th , 2008 Khitpyaing)

9) စက်တင်ဘာရဟန်းသံဃာတော်များ၏ ဆုတောင်းမေတ္တာပို့လမ်းလျှောက်ပွဲအပြီးတွင် ဘုန်းတော်ကြီးကျောင်းတိုက်များသို့ အာဏာပိုင်များ ဝင်ရောက်စီးနင်းရာ၌ အဖမ်းခံထားရသော ဆရာတော် ဦးစန္ဒိမာ (ကျားကျောင်း) ပုဇွန်တောင်မြို့နယ်အား ယမန်နေ့က ကျောက်တံတားတရားရုံးမှ ထောင်ဒဏ် (၈) နှစ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။ဦးစန္ဒိမာအား မတရားအသင်းအက်ဥပဒေပုဒ်မ (၁၇/၁-၂) ဖြင့် တရားစွဲဆိုခဲ့ပြီး ကျောက်တံတားတရားရုံးမှ ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။ ဦးစန္ဒိမာနှင့်အတူ ကိုကို (ခ) ကိုဂဏ္ဍနွယ်ကိုလည်း အဆိုပါပြစ်မှုများဖြင့် ထောင်ဒဏ် (၈) နှစ်ချမှတ်လိုက်ကြောင်း သိရသည်။(November 14th , 2008 Khitpyaing)

10) ဒေါပုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ကိုကျင်လှိုင်ကို လည်း အာဏာပိုင်များက ပြီးခဲ့သည့်နှစ် စက်တင်ဘာလကတည်းက ဖမ်းဆီးခဲ့ပြီး ယခုအခါ ကျောက်တံတားတရားရုံးကပင် ထောင်ဒဏ် (၄) နှစ် ချမှတ်လိုက်ကြောင်း မိသားစုဝင်တဦး ထံမှ သိရသည်။ ယင်းနေ့၌ပင် ဦးစောမိုးဇက်အား မတရားအသင်းပုဒ်မ (၁၇/၁-၂) နှင့် (၁၃/၁(က) စသည့်ပုဒ်မများဖြင့် ထောင်ဒဏ် (၈) နှစ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။(November 14th , 2008 Khitpyaing)

11) ရန်ကုန် အင်းစိန်ထောင်တွင်း၌ စစ်အစိုးရကဖမ်းဆီးအကျဉ်းချထားသောကဗျာဆရာကိုအောင်သန်း သည်အိပ်ချ်အိုင်ဗီကူးစက်ရောဂါခံစားနေရပြီးၚင်း၏လက်ရှိကျန်းမာရေးအခြေအနေမှာဆိုးဝါးနေ ကြောင်း သိရှိရ သည်။(November 14th , 2008 Irrawaddy)

## နိုဝင်ဘာလ (၁၄) ရက်

1) အဖမ်းဆီးခံရခြင်း တနှစ်ပြည့် နှစ်ပတ်လည်ကာလမှာကို အရှင်ဂမ္ဘီရဟာ အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေး ဆိုးဝါးစွာ ခံစားနေရလေရဲ့။ ဆေးရုံတက်ပြီးမှ သိရတဲ့ ကျန်းမာရေး အခြေအနေတွေက အကြောင်းအရာ တခုခုကို စဉ်းစားလိုက်ရင် ခေါင်းကိုက်တယ်၊ ဇက်ကြောတွေ တက်လာတယ်၊ ဘာကိုမှ လေးလေးနက်နက် စဉ်းစားလို့ မရဘူး ဖြစ်သွားတဲ့အပြင်ကို လူကလည်း ပိန်ချုံးကျသွားလိုက်တာ အရိုးပေါ် အရေတင်ပါပဲလို့.သိရပါတယ်။(November 14th , 2008 Mizzima)

2) မြန်မာနိုင်ငံရေးရာ အမေရိကန် အမျိုးသမီး အထက်လွှတ်တော် အမတ်များအဖွဲ့ရဲ့ ပူးတွဲသဘာပတိတွေဖြစ်ကြတဲ့ ကယ်လီဖိုးနီးယားပြည်နယ် အထက်လွှတ်တော်အမတ် မစ္စ ဒိုင်ယန်း ဖိုင်းစတိုင်း(Ms. Dianne Feinstein) နဲ့ တက္ကဆက်ပြည်နယ်အထက်လွှတ်တော်အမတ် မစ္စ ကေ ဘေလီဟာတ်ချီဆန် (Ms. Kay Bailey Hutchison) တို့ကဒီရက်ပိုင်းအတွင်း မြန်မာပြည်တွင်းမှာ ဒီမိုကရေစီလှုပ်ရှားသူ ၆၁ ဦးကို စစ်အစိုးရက မတရား နှစ်ရှည်ထောင်ဒဏ် ချမှတ်ခဲ့တဲ့အပေါ် ပြစ်တင်ရှုတ်ချလိုက်ပါတယ်။ဒေါ်အောင်ဆန်းစုကြည်အပါအဝင်မြန်မာနိုင်ငံကနိုင်ငံရေးအကျဉ်းသားတွေ အားလုံး လွှတ်ပေးဖို့ကိုလည်း အထက်လွှတ်တော်အမတ်မစ္စ ဖိုင်းစတိုင်းနဲ့ မစ္စဟာတ်ချီဆန်တို့က တိုက်တွန်းလိုက်ပါတယ်။(November 14th , 2008 VOA)

3) အင်းစိန်အထူးတရားရုံးအတွင်း နိုင်ငံရေးအကျဉ်းသားတချို့ကို ထောင်ဒဏ်တွေ ထပ်မံချမှတ်လိုက်ပါတယ်။ ဩဂုတ်လ ၂၈ ရက် ၂၀၀၇ ခုနှစ်က ကုန်စျေးနှုန်း ကျဆင်းရေးဆန္ဒပြမှုနဲ့ ကမာရွတ်မြို့နယ်အာဏာပိုင်တွေက တရားစွဲဆိုတဲ့အမှုအတွက် အင်းစိန်ထောင်အတွင်း အထူးတရားရုံးကနေ ကိုသန်းဇော်မြင့်၊ ကိုစန်ဝင်း၊ ကိုသန့်ဇင်မျိုးတို့သုံးဦး ကို ဒီကနေ့နိုင်ဝင်ဘာ ၁၄ရက်နေ့မှာ ထောင်ဒဏ် ၉ နှစ်စီ ချမှတ်လိုက်ပါတယ်။ ဒီစွဲချက်နဲ့ပဲ ကိုတိုက်မင်း၊ ဒေါ်ငယ်၊ ကိုကျော်စိုးဝင်းတို့ကို ၇ နှစ်စီ ချမှတ်လိုက်ပါတယ်။ ကိုသန့်ဇော်မြင့်၊ကိုသန့်ဇင်မျိုးနဲ့ ကိုစန်းဝင်းတို့ကို ပုဒ်မ ၁၄၃၊ ၁၄၅ ၁၄၇ ၁၅၂၊၅၀၅ (ခ) နဲ့ထောင်ဒဏ်ချမှတ်တာဖြစ်ပြီး ကိုသိုက်မင်း၊ ဒေါ်ငယ်နဲ့ကိုကျော်စိုးဝင်းတို့ကိုတော့ ၁၄၃၊ ၁၄၅၊ ၁၅၂၊ ၅၀၅(ခ)နဲ့ထောင်ဒဏ်ချမှတ်တာ ဖြစ်ပါတယ်။ (November 14th 2008 RFA) )

4) ဒီကနေ့မှာပဲ တောင်ဒဂုံမြို့နယ်တရားရုံးကနေ တောင်ဒဂုံ NLD လူငယ်အဖွဲ့ဝင်တွေဖြစ်တဲ့ ကိုတင်ဝင်း၊ကိုညီညီမင်းတို့ကို ပုဒ်မ ၅၀၁ အစိုးရကိုအကြည်အညိုပျက်စေတဲ့စာ၊ကဗျာရေးသာမှုနှင့်တောင်ဒဂုံတရားရုံးတွင် ယနေ့ညနေ ၃ နာရီခန့်က ထောင်ဒဏ် ၂ နှစ် ချမှတ်လိုက်ပါတယ်။ သာကေတမြို့နယ် NLD ဥက္ကဌ ကြီးဦးတင်မြင့်ကိုထောင်ဒဏ် ၂ နှစ်ခွဲ ချမှတ်လိုက်ပါတယ်။ မန္တလေး NLD လူငယ်အဖွဲ့ဝင်တွေဖြစ်တဲ့ ကိုရွှေမောင်း၊ ကိုဇော်ဝင်းနဲ့မန္တလေးတက္ကသိုလ်ဥပဒေကျောင်းသား ကိုဝဏ္ဏအောင်တို့ကိုလည်း ဒဂုံမြို့နယ်တ ရားရုံးက ပုဒ်မ ၅၀၅ (ခ)နဲ့ ပြစ်ဒဏ်နှစ်ကြိမ်အတွက်စုစုပေါင်းထောင်ဒဏ် ၄ နှစ်အသီးသီးချမှတ်လိုက်ပါတယ်။(Nobember 14th 2008 RFA

5) အင်းစိန်အထူးတရားရုံးကနေ မကြာသေးခင်ကမှ ထောင်ဒဏ် ၇ နှစ်ချမှတ်ထားရတဲ့ကိုအောင်ကျော်ဦးကို ဒီကနေ့မှာပဲ ပုဒ်မ ၄၆၈၊ ၅၀၅ (ခ)တွေနဲ့ တိုက်ကြီးမြို့နယ်တရားရုံးကနေထပ်မံ တရားစွဲဆိုလိုက်တယ်လို့ သိရပါတယ်။(November 14th 2008 RFA)

6) လှုပ်ရှားတက်ကြွသူများအား စဉ်ဆက်မပြတ် ပြစ်ဒဏ်စီရင်ချက် နောက်ဆက်တွဲအဖြစ် နာဂစ်လေဘေး ဒုက္ခသည်အရေး လိုက်လံသတင်းယူခဲ့သူ Ecovision ဂျာနယ် သတင်းထောက် အသက် ၂၄ နှစ်အရွယ် မအိမ့်ခိုင်ဦးအား တာမွေမြို့နယ် တရားရုံးက လူထုကို ဆူပူစေရန် လှုံ့ဆော်မှုပုဒ်မ၅၀၅(ခ)ဖြင့်တာမွေတရားရုံး၌ယနေ့ထောင်ဒဏ်၂နှစ်ချလိုက်သည်။အဖော်အဖြစ် လိုက်ပါခဲ.သူ ကိုကျော်ကျော်သန့်က ဆူပူအောင် လှုံ့ဆော်မှုအပြင် နိုင်ငံရပ်ခြားသို့ တရားမဝင် သွားလာမှု ပုဒ်မ ၁၃ (က) ဖြင့် ၅ နှစ်ပါ ထည့်ပေါင်း၍ စုစုပေါင်း ၇ နှစ် ကျခံခဲ့ရသည်။ (November 14th , 2008 Mizzima)

7) အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ပါတီဝင်အများစုအပါအဝင် တက်ကြွလှုပ်ရှားသူများကို တံခါးပိတ်ကျင်းပသည့် ကျောက်တံတားမြို့နယ် တရားရုံးက( November 14th , 2008 Mizzima) ကိုကျော်ဇင်ဝင်း၊ မကြည်ကြည်ဂါနှင့် ကိုနေဇာမျိုးဝင်းတို့အား အာဏာပိုင်များက (၃-၁- ၂၀၀၈) ရက်က နေအိမ်များမှ လာရောက်ဖမ်းဆီးသွားခြင်းဖြစ်ပြီး(၂၁-၁-၂၀၀၈) ရက်တွင် အသင်းအဖွဲ့ဖွဲ့စည်းခြင်းပုဒ်မ (၆) ဖြင့် တရားစွဲဆိုရုံးတင်ခဲ့သည်။ ယင်းနောက် (၂၃-၁-၂၀၀၈) ရက်တွင် ဗွီဒီယိုအက်ဥပဒေဖြင့် ထပ်မံတရားစွဲဆိုခဲ့ပြီး(၂-၄-၂၀၀၈) ရက်တွင် မတရားအသင်းအက်ဥပဒေပုဒ်မ (၁၇/၁-၂) ဖြင့် ထပ်မံတရားစွဲဆိုခြင်းခံခဲ့ရသည်ဟု အဆိုပါလူငယ်များနှင့် ရင်းနှီးသူတဦးက

ပြောကြားသည်။အဆိုပါပုဒ်မများနှင့် ဒေါ်ပုံမြို့နယ်မှကိုကျော်ဇင်ဝင်းအား ထောင်ဒဏ် (၁၆) နှစ်၊ မကြည်ကြည်ဝါအား (၁၁) နှစ်၊ ကိုကျော်ကျော်လင်း (ဒေါ်ပုံမြို့နယ်၊ အမျိုးသားဒီ မိုကရေစီအဖွဲ့ ချုပ်လူငယ်တာဝန်ခံ (၂) အား ထောင်ဒဏ်(၁၃) နှစ်၊ ဒေါ်ပုံမြို့နယ် အမျိုးသားဒီ မိုကရေစီအဖွဲ့ ချုပ်လူငယ် စည်းရုံးရေးနှင့်ဂါဒဖြန့်ချိရေးမှူး ကိုနေဇာမျိုးဝင်း(ဒေါ်ပုံ)အား ထောင်ဒဏ် (၅) နှစ်နှင့် ကိုအောင်ဇော်ဦး(တောင်ကြီး) အား ထောင်ဒဏ် (၅) နှစ်အသီးသီး ချမှတ်ခဲ့ကြောင်း သိရှိရ သည်။ (November 17th , 2008 Khitpyaing)

## နိုဝင်ဘာလ (၁၅) ရက်

1) ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက တရားရုံးတော်ကို မထီမဲ့မြင်ပြုလုပ်မှုဖြင့် ထောင် (၆) လချမှတ်၍ မအူပင်ထောင်သို့ ပို့ဆောင်ခံရသည့် ကိုမင်းကိုနိုင်အပါအဝင် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင် (၉) ဦးကို သက်ဆိုင်ရာ အာဏာပိုင်များက အင်းစိန်ထောင်သို့ ပြန်လည်ပို့ဆောင် လိုက်သည်။ယနေ့နံနက် (၈) နာရီခွဲခန့်က ပြန်လည်ရောက်ရှိလာခြင်းဖြစ်ပြီး ၎င်းတို့အား မအူပင်ထောင်တွင်း ဦ‌ပင် တံခါးပိတ်ခုံရုံးတွင် ရုံးထုတ်ကာ အီလက်ထရောနစ် ပုဒ်မ (၄) ခု၊ အသင်းအဖွဲ့ (၆) ပုဒ်မတို့ဖြင့် (၁၁) ရက်နေ့၊ နေ့လည်(၁၁) နာရီခန့်က ထောင်ဒဏ် (၆၅)နှစ် ချမှတ်လိုက်ပြီး ယခုကဲ့သို့ ပြန်လည်ခေါ်ဆောင်လာခြင်း ဖြစ်သည်။ ကိုမင်းကိုနိုင်အပါအဝင် ကျောင်းသားခေါင်းဆောင်များကို အင်းစိန်ထောင် အထူးတိုက်တွင် အခန်း (၉) ခန်းခွဲ၍ ထားရှိကာ ပြန်ရောက်ရောက်ချင်းကိုအောင်သူကိုဆေးရုံတင်ထားရပြီးကိုလှမျိုးနောင်လည်းကျန်းမာရေးအခြေအနေ မကောင်းကြောင်း ကျောင်းသားခေါင်းဆောင် တဦးဖြစ်သူ ကိုညဏ်လင်း၏အစ်ကိုက ပြောသည်။(November 15th , 2008 Yoma3)
2) ဒီအတောအတွင်း တခြား နိုင်ငံရေးမှုနဲ့ ဖမ်းဆီးခံထားရသူတွေရဲ့ အမှုတွေကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာပါ အင်းစိန်ထောင် အထူးတရားရုံး က ဆက်ပြီး စစ်ဆေးနေပါတယ်။ ဒီလို စစ်ဆေးတဲ့ အတွက် ကျန်တဲ့ နိုင်ငံရေး အကျဉ်းသားတွေရဲ့ အမှုတွေကိုလည်း ပြစ်ဒဏ်တွေ ချမှတ်ဖို့ အာဏာပိုင်တွေဘက်က ခပ်မြန်မြန် ပြင်ဆင်လာတယ် ဆိုတဲ့ သတင်းတွေ ထွက်ခဲ့တာပါ။နိုင်ငံရေး အကျဉ်းသားတွေနဲ့ အကျဉ်းသားတွေရဲ့ မိသားစုတွေ ကတော့ ရုံးပိတ်ရက်တွေမှာ ထောင်အာဏာပိုင်တွေက အခုလို ရုံးထုတ် စစ်ဆေးတာကြောင့် မိသားစုနဲ့ တွေ့ဆုံခွင့် ဆုံးရှုံးမှာကို ကန့်ကွက်ခဲ့ကြပါတယ်။ ဒီနေ့ အင်းစိန်ထောင် အတွင်း အထူးတရားရုံးမှာ ရုံးထုတ် စစ်ဆေးခံရတဲ့ အထဲမှာ လူရွှင်တော် ဇာဂနာ လည်း ပါဝင်ပါတယ်။ သီတင်းပတ် အတွင်း ရုံးဖွင့်ရက်တွေမှာလည်း အမှုတွေ ဆက်တိုက် ကြားနာပြီး တလျှောက်လုံး နေ့စဉ် နာရီ အတော်ကြာ စစ်နေတဲ့ အတွက် ကိုသူရ ခေါ် ဇာဂနာ အနေနဲ့ ပင်ပန်းဆင်းရဲတဲ့ ဒဏ်ခံနေရတယ်လို့ ဒီနေ့ ဇာဂနာကို ထောင်ဝင်စာ သွားတွေ့တဲ့ ဇာဂနာရဲ့ ခယ်မ မငြိမ်းက ပြောပါတယ်။ ရုံးထုတ်တဲ့အချိန် နာရီအတော်ကြာ စစ်ဆေးမေးမြန်းမှုတွေကြောင့် ကိုသူရရဲ့ ကျန်းမာရေး အခြေအနေ ပိုဆိုးလာတယ် လို့လည်း မငြိမ်းက ပြောပါတယ်။(November 15th , 2008 VOA)
3) အင်းစိန်ထောင်မှာ ဖမ်းဆီးချုပ်နှောင်ခံထားရတဲ့ သံဃာ့အရေးအခင်း ဦးဆောင်ဆရာတော် တစ်ပါးဖြစ်တဲ့ အရှင်ဂမ္ဘီရရဲ့အမှုကို မနေ့က စနေနေ့က ရုံးထုတ်စစ်ဆေးခဲ့ပါတယ်။ ဒီလိုစစ်ဆေးရာမှာ တရားဥပဒေအရ ရှေ့နေကိုယ်စားလှယ်လွှဲစာ ရထားတဲ့ရှေ့နေကို အာဏာပိုင်တွေက တရားခွင်ကို ဝင်ရောက်ခွင့် မပေးခဲ့ဘူးလို့ သိရပါတယ်။ အင်းစိန်ထောင်မှာ ချုပ်နှောင်ထားပေမယ့် ကျန်မာရေးစောင့်ရှောက်မှု နည်းတဲ့အတွက် ဆရာတော်ဟာ ကျန်းမာရေး အထူးချို့ယွင်းနေတယ်လို့လည်း အာအက်ဖ်အေက စုံစမ်းသိရပါတယ်။ လောလောဆယ်ပြစ်မှု မစီရင်ရသေးတဲ့ အမှုတွေမှာ ဦးဂမ္ဘီရရဲ့ အမှုတွေပါဝင်ပြီး အပြစ်ရှိတယ်လို့ စီရင်ချက်ချရင် ထောင်ဒဏ်

အနည်းဆုံး နှစ် ၅၀ ကျော်ကျမယ်လို့ ရန်ကုန်ရှေ့နေအသိုင်းဝိုင်းက ခန့်မှန်းထားပါတယ်။ (November 16th ,2008)

4) ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ အနေနဲ့ သူတို့အပေါ် စစ်အစိုးရရဲ့ပြင်းထန်တဲ့ စီရင်ချက်တွေကို အပြုံးမထားပဲ သူတို့အရင်ဆောင်ရွက်ခဲ့တဲ့အတိုင်း တိုင်းပြည် ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားဖို့ အဆင်သင့်ရှိတယ်လို့ ပြောဆိုလိုက်တဲ့အကြောင်း မနေ့က နောက်ဆုံးအကြိမ် ထောင်ဝင်စာတွေ့ခွင့်ရခဲ့တဲ့ ကိုကိုကြီး၏ ညီဖြစ်သူ ကိုအောင်က ပြောပါတယ်။ " သူတို့ အခုကြုံတွေ့နေရတဲ့ ဒုက္ခတွေအပေါ် သူတို့ရဲ့ ခံစားချက်တွေ အကုန်လုံးကို ဘေးဖယ်ထားတယ်တဲ့။ သူတို့ဟာ တိုင်းပြည်အေးချမ်းတိုးတက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တောက်လျှောက်လုပ်ခဲ့တာ ဖြစ်တယ်။ အရင်ကတည်းက လုပ်ခဲ့တာ နောင်လည်းဆက်လုပ်မယ်။ ဒီကြားထဲမှာလည်း အမျိုးသားသင့်မြတ်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။" လို့ ပြောပါတယ်။ (November 16th ,2008 RFA)

## နိုဝင်ဘာလ (၁၆) ရက်

1) ကိုမင်းကိုနိုင်နှင့် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင်များ၊ မစုစုနွေးနှင့် အန်အယ်လ်ဒီပါတီဝင်များ၊ သံဃာတော်တချို့နှင့် အနုပညာရှင် ၂ ဦးကို မိသားစုနှင့်ဝေးရာထောင်များသို့ ယနေ့နံနက် ၃ နာရီခန့်ကစတင်ပို့ဆောင်လိုက်သည်ဟုမိသားစုဝင်များနှင့်နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေး အသင်း (အေအေပီပီ) တို့က ပြောသည်။၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်နှင့် ကိုကိုကြီးတို့ကို မိသားစုများနေထိုင်ရာ ရန်ကုန်နှင့် မိုင်ပေါင်း ၇၀၀ ခန့်ကွာဝေးသည့် ရှမ်းပြည်နယ်ရှိ ကျိုင်းတုံထောင်သို့ပို့လိုက်ပြီးကိုဌေးကြွယ်အားမြန်မာနိုင်ငံအနောက်ဘက်စွန်းဘင်္ဂလားဒေ့ရှ်နယ်စပ်နယ် စပ်ရှိ ဘူးသီးတောင်ထောင်၊ ကိုပြုံးချိုအား မြန်မာနိုင်ငံ တောင်ဘက်စွန်းရှိ ကော့သောင်းနှင့် ကိုမြအေးကို ကယားပြည်နယ်ရှိ လွိုင်ကော်ထောင်သို့ပို့လိုက်သည်ဟု အေအေပီပီ အဖွဲ့က ပြောသည်။ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင်များဖြစ်ကြသည့် ကိုလှမျိုးနောင်အား ကချင်ပြည်နယ်ရှိ မြစ်ကြီးနားထောင်၊ ကိုအောင်သူအား မြန်မာနိုင်ငံ မြောက်ဘက်စွန်းရှိ ပူတာအိုထောင်၊ ကိုအောင်နိုင် (ခ) ကိုမျိုးအောင်နိုင်ကို စစ်ကိုင်းတိုင်းရှိ ကလေးထောင်များသို့ ပို့ခဲ့သည်၊ ကိုဉာဏ်လင်းကတော့ လက်ရှိအင်းစိန်ထောင်မှာပဲ ရှိသေးတယ်လို့ ပြောပါတယ်။ (November 16th , 2008 Irrawaddy)

2) ကိုမင်းကိုနိုင်က " အခုချတဲ့ ထောင်ဒဏ်တွေကို ဂရုမစိုက်ပါဘူး။ ဒီထက်မက စွန့်လွှတ်အနစ်ခံဖို့ အဆင်သင့် ရှိပါတယ်။" လို့ မှာကြားသွားတယ်လို့ မိသားစုဝင်တစ်ဦးက ပြောပါတယ်။ "ပြည်သူတွေရဲ့ အခုခံစားနေရတဲ့ လူမှု ဒုက္ခတွေကနေ ကင်းလွတ်ဖို့အတွက် သူတို့ ဒီထက်မက မကလည်း ပေးဆပ်နိုင်တယ်ပေါ့။ နောက်ပြီး ဘယ်သူမှလည်း အားမလျှော့ကြပါနဲ့တဲ့။ ကိုယ်လိုချင်တဲ့ပန်းတိုင်က တစ်နေ့ ရကိုရရမယ်ပေါ့။ ကိုကိုကြီးက " အခုလို ကြုံတွေ့နေရတဲ့ ဒုက္ခသုက္ခတွေ စိတ်ခံစားမှုတွေအားလုံးကို ဘေးဖယ်ထားတယ်" လို့ မှာကြားသွားတယ်လို့ ဆိုပါတယ်။ " သူတို့ဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတဲ့တိုင်းပြည်ဖြစ်ဖို့ ရည်ရွယ်ချက် တောက်လျှောက် ဆောင်ရွက်ခဲ့တာပဲဖြစ်တယ်။ လုပ်ဆောင်ခဲ့တဲ့ကာလအတွင်းမှာလည်းပဲ အမျိုးသားအားလုံးသင့်မြတ်ရေးကိုပဲ ကြိုးပမ်းခဲ့တာ ဖြစ်တယ်။ ရှေ့ဆက်ဒီလိုဆန္ဒတွေနဲ့ပဲ လုပ်နေမှာ ဖြစ်တယ်ပေါ့။ " သူတို့ရဲ့သဘောထား နှစ်ချက် မှာတယ်။တစ်ခုက ရှေ့ဆက်သွားမယ့် ရွေးကောက်ပွဲ အခြေအနေ အဆင်သင့်ရှိဖို့ လိုအပ်တယ်ပေါ့။ တစ်ခုက နိုင်ငံရေးအရ အကျဉ်းကျတဲ့ လူတွေအားလုံး လွတ်မြောက်လာဖို့ လိုအပ်တယ်။ နောက်တစ်ခုက ရွေးကောက်ပွဲမှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေအားလုံး ပါဝင်ဆင်နွဲနိုင်တဲ့ အခြေအနေမျိုးမှာ ရှိမယ်ဆိုလို့ရှိရင် သူတို့အနေနဲ့ ဒါကို လက်ခံမယ်။ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင် ကိုပြုံးချိုကတော့ မကြောက်စကား

ပြောခဲ့ပါတယ်။ " လူတွေကို စိုးရိမ်ပြီး သူတို့ကိုယ်စား ကြောက်နေမှာစိုးလို့ လမ်းမှန်ပဲ ရပ်တည်ပြီး ဆက်လျှောက်ဖို့ပဲ ရှိတယ်တဲ့။ " (November 16th , 2008 DVB)

3) အန်အယ်လ်ဒီပါတီဝင် မစုစုနွေး၊ ၈၈ မျိုးဆက်ကျောင်းသားများဖြစ်သည့် ကိုမြတ်စံနှင့် ကိုတင့်ဆန်း၊ ကဗျာဆရာ ကိုစောဝေနှင့် ရွှေသံစဉ်တေးဂီတအဖွဲ့၏ ဂီတမှူး ကိုဝင်းမော်တို့ကိုလည်း မန္တလေးထောင်သို့ပို့လိုက်သည်ဟု နိုင်ငံရေးအကျဉ်းသား မိသားစုအသိုင်းအဝန်းက ပြောသည်။သံဃာတော်တချို့အပါအဝင် အန်အယ်လ်ဒီပါတီဝင် ကိုဘိုဘိုဝင်းလှိုင်နှင့် စုစုပေါင်း ၈ ဦးကိုလည်း ၈၈ ကျောင်းသား ကိုအောင်သူနှင့်အတူ ပူတာအိုထောင်သို့ ပြောင်းရွှေ့လိုက်ကြောင်း သိရသည်။(November 16th , 2008 Irrawaddy) ဦးကျော်စိုးမိုးကို၊ ကိုမြတ်စံ၊ ကိုတင့်စန်းတို့အား မုံရွာ၊ မစုစုနွေးအား မန္တလေး၊ ကိုဘိုဘိုဝင်းလှိုင်အား ပူတာအို၊ ရွှေသံလွင် ကိုဝင်းမော်အား တောင်ငူထောင်နှင့် ရွှေဝါရောင်သံဃာ့လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့်ငွေကြာယံကျောင်းတိုက်က ဦးဝိလာသက္က(ခ)ကိုလှထွေးကိုမုံရွာထောင်၊တောင်ဥက္ကလာပမြို့နယ်အေးမြဂုဏ်ရည်ရိပ်သာ ကျောင်းကဦးနန္ဒသီရိ (ခ) နိုင်လင်းကိုရွှေဘိုထောင်၊ ဦးဣန္ဒြိယ(ခ) အောင်ကို ငြိမ်း ကိုတော.ဘယ်ထောင်မှန်းစုံစမ်းလို့.မရသေးပါဘူး၊ကဗျာဆရာ ကိုစောဝေအား ရမည်းသင်းထောင်၊ ပြောင်းရွှေ့ လိုက်ကြောင်း ထောင်ဝန်ထမ်းများနှင့် နီးစပ်သူတဦးက ပြောသည်။(November 16th , 2008 Yoma3)(November 17th , 2008 Mizzima)(November 18th , 2008 RFA) မစုစုနွေးအား ကလေးထောင်များသို့ ဆောင်ခြင်းခံရကြောင်း အင်းစိန်ထောင်ဝန်ထမ်းများနှင့်နီးစပ်သူက ပြောသည်။(November 17th , 2008 Yoma3) ဘိုကလေးမြို့နယ်က ဦးအောင်ဇော်ဦးကို ပဲခူးထောင်ကို ပြောင်းရွှေ့လိုက်ပြီး (November 18th ,2008 RFA)

4) တရားရုံးကို မထီမဲ့မြင် လုပ်တယ်ဆိုပြီး ထောင်ဒဏ်လေးလ ချခံထားရတဲ့ တရားရုံးချုပ် ရှေ့နေကြီး ဦးအောင်သိန်းနဲ့ ဦးခင်မောင်ရှိန်တို့ကိုလည်း ပုသိမ်နဲ့ မြောင်းမြထောင်တွေဆီကို ပို့လိုက်ပါတယ်။ရှေ့နေကြီး ဦးအောင်သိန်းကို ပုသိမ်၊ ဦးခင်မောင်ရှိန်ကို မြောင်းမြကို ပို့လိုက်တယ်။ ညနေ သုံးနာရီမှာ တီအီး ၁၁လို ကားမျိုး၊ အစိမ်းရောင်၊ လုံခြုံရေးတွေ၊ ရဲတွေရောပါတဲ့ ကားပေါ်မှာ ဆရာတို့က ကားထဲကနေ ပုသိမ်ကို မြောင်းမြကို ဆိုပြီး အသံပြုသွားတယ်။"(November 16th , 2008 VOA)

5) အင်းစိန်ထောင်တွင်းတရားရုံးက အမိန့်ချစဉ် တရားရုံးကို အယုံအကြည်မရှိသည့်အတွက် နောက်ပြန်ထိုင်ကာ ဖါတ်ပုံအရိုက်မခံဘဲနေခဲ့သည့် ကိုပြည့်ဖြိုးလှိုင် ကျန်းမာရေးမကောင်းဖြစ် နေပြီး သူနှင့်အမှုတွဲနှစ်ဦးကို ပုဒ်မများ ထပ်တိုးပြီး ထောင်ဒဏ် ထပ်မံတိုးလိုက်သည်။အစာအိမ်ရောဂါရှိသူ ကိုပြည့်ဖြိုးလှိုင်အား ချုပ်နှောင်ထားသောနေရာမှာ အလွန်အေးသည့် ဒဏ်ကြောင့် ကျန်းမာရေးအခြေအနေ ချို့ယွင်းနေခြင်းဖြစ်ပြီး ကိုသီဟသက်ဇင်အား ပုဒ်မ (၁၃-၁) နှစ်ကြိမ် တိုး၍ တကြိမ်လျှင် (၅) နှစ်ဖြင့် စုစုပေါင်း (၁၈) နှစ်ချမှတ်ပြီး ကိုသိန်းဇော်အား ပုဒ်မ(၁၃-၁) တခါထပ်တိုးပြီး (၅) နှစ် ချလိုက်သဖြင့် ယခင်အမှုတွဲ ထောင်ဒဏ် (၈) နှစ်ပေါင်း (၁၃)နှစ် ထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း ကိုပြည့်ဖြိုးလှိုင်၏မိခင်က ပြောသည်။ ကိုပြည့်ဖြိုးလှိုင်အား ယခင် ထောင်မကြီးတွင် (၉) လခန့် သီးသန့်ထားရှိပြီး ယခုအခါ သီးခြား အဆောင်သို့ ပြောင်းရွှေ့ထားကြောင်းနှင့် ကိုပြည့်ဖြိုးလှိုင်၏နောက်ဆုံးအခြေအနေကို မိခင်ဖြစ်သူက ဆက်ပြောသည်။(November 16th , 2008 Yoma3)

6) ဒီလိုနိုင်ငံရေးအကျဉ်းသားတွေကို စီရင်ချက်ချအပြီး ရက်ပိုင်းအတွင်း ဝေးလံတဲ့ နယ်ထောင်တွေကို ပြောင်းလိုက်တာနဲ့ပတ်သက်လို့ ဗြိတိန်နိုင်ငံ၊ လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာ အဖွဲ့ကြီးက ဒီလုပ်ရပ်ကို ဝေဖန်ရှုံ့ချလိုက်ပါတယ်။ (November 16th , 2008 RFA)

7) အီကိုဗွီးရှင်း သတင်းဂျာနယ် သတင်းထောက် မအိမ့်ခိုင်ဦးကို ထောင်ဒဏ် ၂ နှစ်ချမှတ်လိုက်တဲ့ နအဖ အာဏာပိုင်တွေရဲ့ လုပ်ရပ်ကို နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့ (ခ) (RSF) နဲ့ မြန်မာသတင်းသမဂ္ဂ (BMA) တို့က ပြစ်တင်ရှုံ့ချလိုက်ပါတယ်။ (November 16th , 2008 DVB)

8) ညောင်တုန်းမြို့နယ်က ဦးမောင်မောင်လတ်ကိုတော့ ကရင်ပြည်နယ် မြဂတီထောင်ကို ပြောင်းရွှေ့လိုက်ပါတယ်။ မြောင်းမြ မြို့က ဦးမောင်ကံနဲ့ ဦးအောင်မင်းတို့ကို တောင်ကြီးထောင် ပြောင်းရွှေ့ထားပါတယ်။ တောင်ကြီး မြို့က ဦးကျော်စိုးကိုတော့ မြင်းခြံ ဒါမှမဟုတ် ပဲခူးထောင်ကို ပြောင်းရွှေ့ထားတယ်လို့ သတင်းတွေ ထွက်ပေါ်နေပေမယ့် ဘယ်ထောင်ကိုလဲဆိုတာတော့ ခုချိန်ထိ စုံစမ်းလို့ မရသေးပါဘူး။ (November 1st , 2008 RFA)

## နိုဝင်ဘာလ (၁၇) ရက်

1) (ဗကသ)ခေါင်းဆောင် ရှာသာကြီး စီးပွားရေး တက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကိုစည်သူမောင်အပါအဝင် (၇) ဦးကို အင်းစိန်ထောင်တွင်းတရားရုံးက ထောင်ဒဏ် (၆) နှစ်ခွဲ အမိန့်ချမှတ်လိုက်သည်။ယနေ့နံနက်ပိုင်းက အနောက်ပိုင်းခရိုင်တရားရုံးမှ စွဲဆိုထားသည့် ပုဒ်မ(၁၄၃)၊ (၁၄၅)၊ (၁၄၇)၊(၅၀၅-ခ) တို့ဖြင့် ကိုစည်သူမောင်၊ ကိုသိန်းဆွေ(ဖျာပုံမြို့နယ်)၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ကွန်ယက်မှ ကိုမျိုးသန့် (ခေါ်) ဂျွန်နော်တန် (လှိုင်မြို့နယ်) ၊ ကိုကြည်ဖြူမောင်(မြောက်ဒဂုံမြို့နယ်)၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ရဲမင်းဦး၊ ရဲမြတ်ဟိန်း နှင့် ဇင်လင်းအောင်တို့အား ထောင်ဒဏ် အသီးသီးချမှတ်လိုက်ခြင်းဖြစ်သည်။"အဲမှာ စည်သူမောင်၊ ဇင်လင်းအောင်၊ ရဲမြတ်ဟိန်း၊ ရဲမင်းဦးတို့က (၂၀၀၇) ကျောင်းသားတွေပါ၊ အဲဒီအထဲမှာ ရဲမြတ်ဟိန်းနဲ့ စည်သူမောင်တို့နှစ်ဦးကို
တခြားတရားရုံးကစွဲထားတဲ့ပုဒ်မတွေနဲ့ထောင်ဒဏ်ထပ်တိုးတာတွေရှိတယ်"ဟုထောင်အာဏာပိုင် များနှင့်နီးစပ်သူတဦးကပြောသည်။အသက်(၁၇)နှစ်အရွယ်အနောက်ပိုင်းတက္ကသိုလ်သင်္ချာပထမနှစ်ကျောင်းသား ကိုရဲမြတ်ဟိန်း သည် အသက်ငယ်ရွယ်သဖြင့် အနောက်ပိုင်းခရိုင်တရားရုံးက စွဲဆိုထောင်ချသည့် (၆) နှစ်ခွဲ အစား (၅) နှစ်နှင့် တညင်မြို့နယ်တရားရုံးက ကိုရဲမြတ်ဟိန်းကို (၁၄၃)၊ (၁၅၂) ပုဒ်မနှစ်ခု ထပ်တိုး၍ ထောင်ဒဏ် စုစုပေါင်း (၁၀) နှစ်၊ ကိုစည်သူမောင်အား တာမွေတရားရုံးမှ စွဲဆိုထား သည့် အသင်းဖွဲ့ပုဒ်မ (၆) ဖြင့် (၅) နှစ်ထပ်တိုးကာ စုစုပေါင်း (၁၁) နှစ်ခွဲ ချမှတ်လိုက်ကြောင်း သူတို့၏အမှုလိုက်ရှေ့နေ ဦးသန်းဇော်က ပြောသည်။(November 17th , 2008 Yoma3) (November 17th , 2008 Mizzima)

2) ထို့အပြင် ကုန်ဈေးနှုန်းကျဆင်းရေး လမ်းလျှောက်ဆန္ဒပြခဲ့သူ ကိုထင်ကျော်အား အနောက်ပိုင်း ခရိုင် တရားရုံးမှ စွဲဆိုထားသည့် ပုဒ်မ (၃၈၇)၊ (၂၉၅)၊ (၁၄၃)၊ (၁၄၅)၊ (၁၄၇)၊ (၅၀၅-ခ) တို့ဖြင့် အင်းစိန်ထောင်တွင်း အထူးတရားရုံးတွင် တရားသူကြီး ဦးကျော်ဆွေက ထောင်ဒဏ် (၁၂) နှစ် နှင့် (၆) လ ချမှတ်လိုက်သည်။(November 17th , 2008 Yoma3)

3) ကျောင်းသားခေါင်းဆောင်တွေကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်နေတဲ့အပေါ် ချက်နိုင်ငံ အခြေစိုက် နိုင်ငံတကာ ကျောင်းသား သမဂ္ဂအဖွဲ့ချုပ်တွေက မြန်မာစစ်အစိုးရကို ပြစ်တင်ရှုတ်ချပါတယ်။ (November 17th , 2008)
4) ယခုလ (၁၀) ရက်နေ့က ထောင်ဒဏ်အနှစ် (၂၀) ချမှတ် ခံလိုက်ရသည့် ဘလော်ဂါ ကိုနေဘုန်းလတ်အား အာဏာ ပိုင်များက ကရင်ပြည်နယ်၊ ဘားအံအကျဉ်း ထောင်သို့ ပြောင်းရွှေ့လိုက်ကြောင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။ ဘားအံအကျဉ်းထောင်သို့ ပြောင်းရွှေ့ရာတွင် ကိုနေဘုန်းလတ်နှင့်အတူ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဉာဏ်လင်းနှင့် အခြား အမည်မသိရသူ (၁၁) ဦးခန့် ပါဝင်ကြောင်း ဒေါ်အေးအေးသန်းက ပြောသည်။(November 17th , 2008 Yoma3)
5) အခုရက်ပိုင်းအတွင်း မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ တရား ဥပဒေနဲ့ ညီညွတ်ခြင်းမရှိတဲ့ စွပ်စွဲချက်တွေနဲ့ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ

တွေကို ထောင်ဒဏ်နှစ်ရှည်တွေ အပြစ်ပေးနေတဲ့အကြောင်း ဒေသစံတော်ချိန် တနင်္လာနေ့ ညနေပိုင်းက အမေရိကန်သမ္မတ အိမ်ဖြူတော်က ကြေညာချက် ထုတ်ပြန်ပါတယ်။ လူ့အခွင့်အရေး ကြေညာစာတမ်းမှာ ဖော်ပြထားတဲ့ အချက်တွေနဲ့အညီ ပြည်သူလူထု အနေနဲ့ သူတို့ရဲ့ အခြေခံအခွင့်အရေးတွေကို အခုလို တောင်းဆို ဆန္ဒပြတဲ့အပေါ် စစ်အစိုးရက ရက်ရက်စက်စက် အပြစ်ပေး အရေးယူခဲ့တဲ့အပေါ် အမေရိကန် ပြည်ထောင်စုအနေနဲ့ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြောင်းလည်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။(November 18th , 2008 VOA)

6) ဒီနေ့ အမိန့်ချမှတ်တဲ့အထဲမှာ စက်တင်ဘာ သံဃာ့လှုပ်ရှားမှုမှာပါဝင်ပြီး တနှစ်ကြာလောက် ထိန်းသိမ်းခံခဲ့ရတဲ့ သံဃာတော်နှစ်ပါး မြောက်ဥက္ကလာ ၂ရပ်ကွက် သီရိမင်္ဂလာကျောင်းတိုက်က အရှင်ဆန္ဒာဂရ လူနာမည်က ဦးညဏ်ဝင်း၊ ၈ နှစ်နဲ့ ၆ လ၊ တာမွေတရားရုံး၊ ပုဒ်မက ၁၄၃၊ ၁၄၅၊၁၄၇၊ ၂၉၅(က)၊ ၅ဝ၅(ခ)၊ အားလုံးပုဒ်မတခုကို ၂ နှစ်ဆီနဲ့ ၅ဝ၅(ခ) ကတော့၆ လနဲ့ အရှင်ခေမာဂံသ သူကတော့၁၁ နှစ်။ အထူးရုံးမှာချတာ"ပါ။(November 17th , 2008 VOA)

## နိုဝင်ဘာလ (၁၈) ရက်

1) ၈၈ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုကိုကြီးကို ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံကနေ မိုင်းဆတ်ထောင်ဆီ ထပ်မံ ပြောင်းရွှေ့လိုက်ကြောင်း ဒေသခံတွေက ပြောပါတယ်။ ကိုကိုကြီးကိုတော့ ကျိုင်းတုံရောက်ပြီး ၂ ရက်မှာ ထိုင်း-မြန်မာနယ်စပ်အနီး မိုင်းဆတ်မြို့ဆီ ထပ်ပြောင်းသွားတယ်လို့ ကျိုင်းတုံ ဒေသခံတွေက် ပြောပါတယ်။ (November 19th , 2008)

2) ၂ဝဝ၇ ခုနှစ် စက်တင်ဘာ သံဃာ့အရေးအခင်း ဦးဆောင်သံဃာတော် ၂ ပါးကို ရန်ကုန်အင်းစိန်ထောင်တွင်း အထူးတရားရုံးက နိုဝင်ဘာ ၁၈ ရက် ဒီကနေ့မှာ နှစ်ရှည်ထောင်ဒဏ် တွေ ချမှတ်လိုက်ပါတယ်။ ရန်ကုန် အင်းစိန်ထောင်အထူးတရားရုံးကနေ သံဃာ့တပ်ပေါင်းစုအဖွဲ့က ဦးဆောင်ဆရာတော် တစ်ပါးဖြစ်တဲ့ ဦးဂမ္ဘီရကို ထောင် ၁၂ နှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို နှောင့်ယှက်သည့် ဥပဒေ ၅ဝ၅(ခ)နဲ့ သာသနာ ညှိုးနွမ်းစေတဲ့ ပုဒ်မ ၂၉၅(က) အပါအဝင် ၃ မှုတွဲနဲ့ ထောင်ဒဏ် (၁၂) နှစ် အမိန့်ချလိုက်တာ ဖြစ်ပါတယ်။ သံဃာ့နာယကကို စာပေးတဲ့ ကိစ္စတွေပေါ့နော။ လက်ကမ်းစာစောင်တွေ ဝေတဲ့ကိစ္စတွေ၊ ဆရာတော်ကြီးတွေကို လျှောက်ထားတဲ့ကိစ္စတွေ၊ အကြောင်းပြပြီးတော့ အားလုံးပေါင်း ၁၂ နှစ် ချလိုက်တယ်။(November 18th , 2008 RFA)

3) မန္တလေး ရဟန်းပျိုများသမဂ္ဂအဖွဲ့က ဦးကေလာသကို ထောင်ဒဏ် ၃၅ နှစ် ဒီကနေ့မှာ အမိန့်ချလိုက်တာ ဖြစ်ပါတယ်။ ဦးကေလာသက ရဟန်းပျို သမဂ္ဂ ဖွဲ့တာနဲ့ ပတ်သက်ပြီး တော့ အသင်းအဖွဲ့ပုဒ်မ ၆၊ အဲဒါက ၅ နှစ်၊ ကြေညာချက်တွေပို့တာက ပုဒ်မ ၁၇(၂)နဲ့က ၇ နှစ်၊ ပုဒ်မ ၁၇ (၂ဝ)နဲ့က ၇ နှစ်၊ နောက်တပ်ပေါင်းစု ကြေငြာချက်တွေ ထုတ်တာက ၁၇ နဲ့က ၇နှစ်၊ နောက် ၁၇ (၂ဝ) နဲ့က ၇ နှစ်၊ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေတယ်ဆိုပြီးတော့ ၅ဝ၅(ခ)နဲ့က ၂ နှစ်၊ အားလုံးပေါင်း ၃၅ နှစ်ပေါ့။ ” သူကတော့ သူ့ကို အမိန့်ချလိုက်တဲ့ ဌာနဆိုင်ရာ တရားရေးဝန်ထမ်း တွေကိုရော၊ ဒီကစောင့်ကြပ်တဲ့ ဝန်ထမ်းတွေကိုရော ဘယ်သူ့ကိုမှ အာဃာတ မရှိပါဘူးပေါ့။ အားလုံးကို မေတ္တာထားပါတယ်ပေါ့။ မေတ္တာပို့ပါတယ်။ ခုနစ်ရက်သားသမီး ကျန်းမာပါစေဆိုပြီးတော့ အဲဒီလို ဆုတောင်းပေးသွားတယ်။ ဦးဇင်းဘယ်သူ့ကိုမှ ဘယ်လိုမှ သဘောမထားပါဘူး။ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်ကြတာပဲ။ အဲလိုမျိုးပေါ့ ” (November 18th , 2008 RFA) အင်းစိန်ထောင်တွင်း၌ပင် မန္တလေးတိုင်း သံဃတပ်ပေါင်းစုမှ အဖမ်းဆီးခံ အရှင် ဦးကေလာသကိုလည်း မတရားအသင်းပြစ်မှု ပုဒ်မများဖြင့် ထောင်ဒဏ် ၃၅ နှစ် ချမှတ်ခံရပြီးနောက် ယနေ့တွင် ပုဒ်မ ၂ ခုဖြင့် ထပ်တိုးထောင်ဒဏ် ၄ နှစ် ထပ်မံ အမိန့်ချလိုက်သည့်အတွက် စုစုပေါင်းထောင်ဒဏ် ၃၉ နှစ် ဖြစ်သွားသည်။(November 21st , 2008 Mizzima)

4) ပြီးခဲ့သည့်နှစ် ရွှေဝါရောင်သံဃာ့လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် စွဲချက်များဖြင့် သံဃာ (၂) ပါးအား ထောင်ဒဏ်များ ချမှတ်လိုက်သည်။ယမန်နေ့ ညနေပိုင်းတွင် ဗဟန်းမြို့နယ်တရားရုံးက ဦးစန္ဒာသီရိအား ပုဒ်မ (၅) ခုဖြင့် ထောင် ဒဏ် (၁၁) နှစ်၊ ဦးပဏ္ဍိတအား ပုဒ်မ (၄) ခုဖြင့် ထောင် (၉) နှစ် ချမှတ်လိုက်သည်။ဦးစန္ဒာသီရိအား ပုဒ်မ(၁၄၅)၊ (၁၄၇)၊ (၁၅၂)၊ (၂၉၅-က)၊ (၅၀၅-ခ) တို့ဖြင့် စွဲဆိုခြင်းဖြစ်ပြီး ဦးပဏ္ဍိတအား ပုဒ်မ (၁၄၅)၊ (၁၄၇)၊ (၁၅၂)၊ (၂၉၅-က) တို့ဖြင့် အမိန့်ချလိုက်ခြင်းဖြစ်သည်။ ဦးပဏ္ဍိတသည် ကုန်းတလဘောင်ရွာမှဖြစ်ပြီး ဦးစန္ဒာသီရိမှာ သဃ်ၤန်းကျွန်းမြို့နယ်၊ ရွှေသိမ် ဓမ္မသိဂီကျောင်းတိုက်မှ ဖြစ်သည်။(November 18th , 2008 Yoma3)

5) ရခိုင်တိုင်းရင်းသား လူငယ်ခေါင်းဆောင် ကိုတင်ထူးအောင် ကို ပုဒ်မ ၁၇(၁)၊ ၁၇(၂၀)၊ ၁၃(၁)၊ ၁၄၅၊ ၁၄၇၊ ၁၅၂၊ ၂၉၅(က)၊ ၅၀၅(ခ) စတဲ့ ပုဒ်မတွေနဲ့ ထောင်ဒဏ် ၃၃ နှစ် ချမှတ်လိုက်ပါတယ်။ အလားတူ ဗိုမီးတိုင်းရင်းသား လူငယ်ခေါင်းဆောင်တွေဖြစ်တဲ့ ကမ်လမ်ခုပ် ခေါ် ကိုကျော်စိုးကိုလည်း ၃၃ နှစ်ချမှတ်လိုက်ပြီး ကပ်ခန်ခွင် ခေါ် Anthony ကိုတော့ ထောင်ဒဏ် ၈ နှစ် ချမှတ်လိုက်ပါတယ်။ * သူတို့သုံးဦးစလုံးဟာ ၂၀၀၇ ခုနှစ်အောက်တိုဘာ သံဃာ့အရေးအခင်း အပြီးကတည်းက တိုင်းရင်းသားလူငယ်အဖွဲ့အစည်း တည်ထောင်မှုနဲ့အဖမ်းခံခဲ့ရတာပါ။ပုဒ်မတော့ အများကြီးပဲ၊ နောက်ပြီးတော့ လူဂင်မှုကြီးကြပ်ရေး ဥပဒေ နိုင်ငံခြားငွေ လဲလှယ်ရေးက ၂၄၊ ပုဒ်မ ၁၄၃၊ အားလုံးပေါင်းလိုက်ရင် ၃၃ နှစ်ပေါ့။ အများဆုံး ပြစ်ဒဏ်ပဲ ဟု ပြောသည်။ (November 18th , 2008 RFA)

6) )မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားတွေအပေါ် ပြင်းထန်တဲ့ ထောင်ဒဏ်တွေချမှတ်နေတာနဲ့ မှုတမှု မရှိပဲ အမှုတွေကို စီရင်နေတာနဲ့ ပတ်သက်လို့ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စား လှယ် ၅ ဦးက အပြင်းအထန် ဝေဖန်ရှုတ်ချလိုက်ပါတယ်။ ဒီလိုဝေဖန်ရှုတ်ချလိုက်တဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် ၅ ဦးကတော့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ သောမတ် ကင်တာနား၊ လွတ်လပ်တဲ့ တရားစီရင်ရေးဆိုင်ရာ အထူး ကိုယ်စားလှယ် မစ္စတာ လီယံဒရို ဒက်စပွိုင်၊ လွတ်လပ်စွာ ရေးသားခွင့်နဲ့ ဆန္ဒထုတ်ဖော်ခွင့် ဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဖရန့်ရာရူး၊ လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ မာဂရက် ဆီကတ်ဂါယနဲ့ ဘာသာရေးနဲ့ ကိုးကွယ် ယုံကြည်မှုဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ အက်စ်မာ ယာဟန်ဂီရာ တို့ ဖြစ်ပါတယ်။ (November 18th , 2008 RFA)

7) လယ်မြေတွေအသိမ်းခံထားရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ရန်ကုန် အိုင်အယ်လ်အိုရုံးကို တိုင်ကြားခဲ့လို့ ထိန်းသိမ်းခံနေရတဲ့ မကွေးတိုင်း၊ နတ်မောက်မြို့က တောင်သူ ၃ ဦးနဲ့ အောင်လံမြို့က ကိုဇော်ဌေး တို့ကို အီလက်ထရောနစ် အက်ဥပဒေပုဒ်မ နဲ့ ဒီကနေ့ ပုဒ်မ ပြောင်းပြီး ရီမန် ၂ ပတ် ထပ်ယူလိုက် ပါတယ်။ အောင်လံမြို့က ကိုဇော်ဌေး နဲ့ နတ်မောက်မြို့က ဦးလှစိုး၊ ဦးစိန်စတင်းနဲ့ ဦးနေလင်းတို့ကို အရင်က ပုဒ်မ ၃၁ (က) ၊ ၅၁ (က) စတဲ့ ပုဒ်မ ၂ ခုနဲ့ တရားစွဲဆိုထားတာပါ။ ဒါပေမယ့် ဒီကနေ့ ရုံးချိန်းမှာတော့ အီလက်ထရောနစ် အက်ဥပဒေပုဒ်မ နဲ့ ပြောင်းပြီး ရီမန် ၂ ပတ် ထပ်ယူလိုက်တယ်လို့ နတ်မောက်မြို့ခံ တောင်သူတစ်ဦးက ခုလိုပြောပါတယ်။ (November 19th , 2008 DVB)

## နိုဝင်ဘာလ (၁၉) ရက်

1) တက်ကြွလှုပ်ရှားသူကျောင်းသားလူငယ်တဦးဖြစ်တဲ့ ဗကသများအဖွဲ့ချုပ်အဖွဲ့ဝင် အနောက်ပိုင်း တက္ကသိုလ် ဘူမိဗေဒနောက်ဆုံးနှစ်ကျောင်းသား ကိုဒီငြိမ်းလင်းကို ပုဒ်မ ၅၀၅/ခ၊ ၁၄၇၊ ၁၄၃၊ ၂၉၅ တွေ တပ်ပြီး ထောင်ဒဏ်၆နှစ်ခွဲ ဒီကနေ့ချမှတ်ပြီး ကိုကျော်စွာဌေး (ခေါ်)ကိုကျော်ဌေးလွင်ကို ၅-နှစ်နဲ့ ကိုကျော်ဆန်းကို ပုဒ်မ ၅၀၅ (ခ)၊ ပုဒ်မ ၁၄၇ တို့နဲ့ ထောင် ၄-နှစ် အသီးသီးအပြစ်ပေး စီရင်လိုက်တာဖြစ်ပြီးတော့ ဒီနောက်မှာ ကျောက်တံတားမြို့နယ်တရားရုံးကလည်း ကိုကျော်စွာကို

နောက်ထပ် ၆-နှစ်ခွဲ အပြစ်ပေးခဲ့လို့ အများဆုံးပြစ်ဒဏ် ၁၁ နှစ်ခွဲ ကျခံခဲ့ရပါတယ်။(November 19th , 2008 VOA)

2) ဗိုလ်ကလေးက ဦးအောင်မြင့်က မြောင်းမြ၊ ဦးတင်မြင့် သာကေတ က သာယာဝတီ၊ ဦးမောင်တန် ဂါးခယ်မ က တောင်ကြီး။ထောင်အသီးသီးသို့ပြောင်းရွှေ့ခြင်းခံရသည်ဟုသိရှိရပါသည်။(November 19th , 2008 VOA)

3) မြန်မာနိုင်ငံမှာ နိုင်ငံရေး အတိုက်အခံတွေကို မညှာမတာ နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ်ခဲ့တဲ့ တရားသူကြီးတွေနဲ့ တရားသူကြီးချုပ် ဦးအောင်တိုးတို့ဟာ နိုင်ငံတကာ တရားသူကြီးတွေ လိုက်နာရမယ့် စည်းမျဉ်းတွေကို ချိုးဖောက်ပြီး လူသားမျိုးနွယ်ပေါ် ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေကို ကျူးလွန်တာကြောင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး ICC ကနေ သူတို့ကို အရေးယူရမယ်လို့ ဥပဒေ ပညာရှင်တွေက ဆိုပါတယ်။မြန်မာနိုင်ငံကိစ္စ ICC အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးမှာ တရားကြားနာဖို့ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအနေနဲ့ ဆုံးဖြတ်ပေးဖို့ အမေရိကန် အမေရိကန် အခြေစိုက် ဥပဒေ ပညာရှင်များ အဖွဲ့ဖြစ်တဲ့ Global Justice Center နဲ့ မြန်မာနိုင်ငံရေး့နေများကောင်စီတို့ကပူးတွဲပြီးတော့ဒီနေ့ထုတ်ပြန်တောင်းဆိုထားပါတယ်။ (November 19th , 2008 VOA)

## <u>နိုဝင်ဘာလ ( ၂၀) ရက်</u>

1) မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ ရက်ပိုင်းတွေက နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေကို နှစ်ရှည်ထောင်ဒါဏ် တွေ ချမှတ်နေတာတွေနဲ့ ပတ်သက်လို့ ဒါဟာ လူသားမျိုးနွယ်တွေအပေါ်မှာ ရာဇဝတ်မှု ကျူးလွန်တာ ဖြစ်တဲ့အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနဲ့ မြန်မာအစိုးရကို နိုင်ငံတကာ ရာဇဝတ်တရားရုံးကို တင်သင့်တယ်လို့ နိုင်ငံတကာတရားစီရင်ရေးအဖွဲ့က ပြောကြား လိုက်ပါတယ်။(November 20th , 2008 VOA)

2) ကိုမင်းဇေယျ အပါအဝင် ထောင်ဒဏ် ၆၅ နှစ်စီ ချမှတ်ခံထားရတဲ့ ၈၈ မျိုးဆက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄ ဦးကို ဒီကနေ့ နိုဝင်ဘာ ၂၀ ရက်နေ့မှာ နယ်ထောင်တွေကို ပြောင်းရွှေ့လိုက်ပြီ ဖြစ်ပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းဇေယျ က လားရှိုး၊ မစန္ဒာမင်း ခေါ် မရွှီးကို မြောင်းမြထောင်၊ ဒီထဲက ကိုဇေယျ ခေါ် ကိုကုလားမကြီးကို ဘယ်ထောင် ပြောင်းထားတယ်ဆိုတာ စုံစမ်းလို့ မရသေးပါဘူး။ ကိုကျော်ကျော်ထွေး(ခေါ်)ကိုမာကီးက မြိတ် ကို ပြောင်းတယ်။ မသင်းသင်းအေး ခေါ် မမီးမီးက ပုသိမ်။ ကိုဇော်ဇော်မင်းက တောင်ငူ။ ကိုအံ့ဘွယ်ကျော်က ကသာ။ ကြီးသန်းခေါ်ဦးသန်းတင်က စစ်တွေ။ မသက်သက်အောင်က မြင်းခြံ။ ကိုကျော်မင်းယု(ခေါ်)ကိုဂျင်မီက တောင်ကြီး။ သက်ဇော်(ခေါ်)ဇော်မိုးက မော်လမြိုင်။ ပဏ္ဍိတ်ထွန်းက ဖန်းမော်။ မမာမာဦးက သာယာဝတီ။ အခုနောက်ဆုံးရရှိတဲ့သတင်းအရ ၈၈ မျိုးဆက်ကျောင်းသူ မနီလာသိန်းကိုလည်း သရက်ထောင်ကို ရွှေ့လိုက်တယ်လို့ သိရပါတယ်။ အဲဒီ ၁၄-ဦးပြောင်းတယ်။ ဖုန်းမှု(ခေါ်)သင်းဂျူလိုင်ကျော်က ပြည်။ ကိုသိန်းအေး မြစ်ကြီးနား။ ကိုမင်းဟန်လည်း လားရှိုးကို ပြောင်းရတယ်လို့.သိရပါတယ်။(November 20th , 2008 RFA)(November 20th , 2008 VOA)

3) Hip-Hop အဆိုတော်နှင့် Generation Wave – GW အဖွဲ့ဝင် ကိုဇေယျာသော် (ခ) ကျော်ကျော်နည်းတူ အင်းစိန်ထောင်တွင် ဖမ်းဆီးခံထားရသူ အခြား အဖွဲ့ဝင် ၅ ဦးလည်း ယနေ့တွင် ထောင်ဒဏ် ၅ နှစ်စီ ချမှတ်ခံရသည်။ ယနေ့တွင် ကိုဇေယျာသော်အား တရားမဝင်အသင်းအဖွဲ့ ဖွဲ့စည်းမှု ပုဒ်မ၆/၈၈ နဲ့က ငါးနှစ်ချလိုက်တယ်။ နိုင်ငံခြားငွေ လက်ဝယ်ကိုင်ဆောင်မှု ပုဒ်မ ၂၄/၁ နဲ့ တနှစ်၊တို့ဖြင့် ထောင်ဒဏ် ၆ နှစ်ချမှတ်ခဲ့သလို၊ အခြား GW အဖွဲ့ဝင် ကိုအောင်ဇေဖြိုး၊ ကိုအာကာဘို၊ ကိုသီဟဝင်းတင်၊ ကိုပေလင်းဖြိုးနှင့် ကိုရန်နိုင်သူတို့လည်း ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်

တရားရုံးမှပင်နေ.လည်၁၁နာရီမှာ တရားမဝင် အသင်းအဖွဲ့ ဖွဲ့စည်းမှု ပုဒ်မ ၆ / ၈၈ စွဲချက်ဖြင့် ယနေ့နံနက်ပိုင်းက ထောင်ဒဏ် ၅ နှစ်စီ ချမှတ်ခဲ့ခြင်းဖြစ်သည်။ (November 20th , 2008 Mizzima) သူတို့ ၆ ဦးကို စတင် တရားစွဲဆိုစဉ်က ဗဟန်းမြို့နယ် စွဲဆိုခဲ့တာဖြစ်ပြီး တရားမဝင် အသင်းဖွဲ့မှု ပုဒ်မ နဲ့ ပြစ်ဒဏ် ချမှတ်လိုက်တာ ဖြစ်ပါတယ်။ သူတို့ ၆ ဦးစလုံးကိုတော့ ပြီးခဲ့တဲ့ မတ်လ ၁၃ ရက်နေ့က ဖမ်းဆီးခဲ့တာ ဖြစ်ပါတယ်။(November 20th , 2008 RFA)

4) ပြီးခဲ့တဲ့ ဖွန်လ ၁၉ ရက် ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ကျင်းပတဲ့ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပုဒ်မ ၁၄၃ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အစုအဝေးမှာ ပါဝင်တဲ့ ပြစ်ဒဏ်၊ ၅၀၅(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေတဲ့ ပြစ်မှုတွေနဲ့ ထောင်ဒဏ် ၂ နှစ်ခွဲစီ ချမှတ်လိုက်ပါတယ်။ ပြစ်ဒဏ်ချမှတ်ခံရသူတွေကတော့ အင်းစိန် ဦးတင်အုံး၊ ကိုရောဘတ်စန်းအောင်၊ ဦးစိုးအုပ်၊ တောင်ဥက္ကလာက ဦးမြင့်ဆွေ၊ ဦးမောင်စိန်၊ ဦးဌေးအောင်၊ ကြည့်မြင်တိုင်က ဦးမောင်မောင်သိန်း၊ ဦးဟန်သိန်း၊ ကိုထွန်းမြင့်၊ ကိုကျော်ကျော်သန်း၊ ဦးသိန်းဝင်း၊ ဦးချစ်ခင်၊ ဦးစံဘော် တွံတေးနဲ့ အရှင်စန္ဒိမာ (လူအမည် ဦးဆွေမင်း) တို့ ဖြစ်ပါတယ်။ အဖမ်းခံရသူတွေထဲမှာ အသက် ၇၈ နှစ် အသက်အကြီးဆုံးဖြစ်တဲ့ ဦးတင်အုံးကိုတော့ ကျန်းမာရေးအခြေအနေ ဆိုးဝါးမှုကြောင့် အင်းစိန်ထောင်ဆေးရုံမှာ တင်ထားခဲ့ရတာ ဖြစ်ပြီး အခုလောလောဆယ်မှာတော့ အင်းစိန်ဆေးရုံကြီးမှာ တင်ထားရပါတယ်။ သူ့ကျန်းမာရေးအခြေအနေကြောင့် သူတစ်ဦးတည်းကို ထောင်ဒဏ် ၆ လပဲ ချမှတ်လိုက်ပါတယ်။ (November 20th , 2008 RFA) ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပွဲတွင် အဖမ်းခံခဲ့ရသူ (၁၃) ဦးကို တရားမဝင် လူစုလူဝေးမှု ပုဒ်မ ၁၄၃၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးထိခိုက်စေမှု ၅၀၅ (ခ) တို့ဖြင့် အင်းစိန်အထူးတရားရုံးက ထောင်ဒဏ် (၂) နှစ်ခွဲစီ ယနေ့ချလိုက်ကြောင်း သိရ သည်။ ဖမ်းခံရစဉ်က (၁၄) ဦးဖြစ်သော်လည်း အသက်ကြီးသည့် ဦးတင်အုန်းကို (၆) လဖမ်းပြီးနောက် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ် သည်။(November 20th , 2008 Khitpyaing)

5) မြောက်ဥက္ကလာပမြို့နယ်၊ သစ္စာသရဖူကျောင်းတိုက်က သံဃာတွေနဲ့ သီလရှင် ဆရာကြီး၊ဆရာလေး အများအပြားနဲ့ ငွေကြာယံကျောင်းတိုက်က သံဃာတော်တွေကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်လိုက်ပါတယ်။ ငွေကြာယံကျောင်းတိုက်က ဦးဇာဏေယ (ဦးဉာဏ်ဝင်း)၊ ဦးအဂ္ဂဓမ္မ (လူအမည် ဦးမိုးထက်)၊ ဦးအိသရိယ (လူအမည် ဦးအေးမောင်)၊ ဦးနန္ဒ (လူအမည် ဦးသန်းထွတ်အေး)၊ ဦးကောသိက (လူအမည် ဦးကျော်သိန်း) တို့ကို ပုဒ်မ ၂၉၅ သာသနာတော်ကို ညှိုးနွမ်းအောင် လုပ်ဆောင်မှုအပြင် တရားရုံးကို ဖီဆန်မှုနဲ့ တောင်ဥက္ကလာပမြို့နယ်တရားရုံးက ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ထောင်ဒဏ် စုစုပေါင်း ၄ နှစ်ခွဲ စီ ချမှတ်လိုက်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းးပတ်ထဲမှာပဲ ဆရာလေးတွေဖြစ်တဲ ဒေါ်ပညာသိဂီ (လူအမည် ဒေါ်ညွန့်ညွန့်)၊ ဒေါ်သိတ္တ (လူအမည် ဒေါ်စန်းစန်းဌေး)၊ ဒေါ်ခေရီ (လူအမည် ဒေါ်စန်း)၊ ဒေါ်ဂုဏ္ဏ (လူအမည် ဒေါ်ခင်လှ)၊ ဒေါ်ပုဏ္ဏမီ (လူအမည် ဒေါ်မြညွန့်)၊ ဒေါ်သိဂီ လူအမည် ဒေါ်သန်းရီ) နဲ့ ဒေါ်သီလနန္ဒီ (လူအမည် ဒေါ်အေးအေး) တို့ကို ပုဒ်မ ၂၉၅ သာသနာတော်ကို ညှိုးနွမ်းအောင် ဆောင်ရွက်မှုနဲ့ ၄-နှစ်ခွဲစီ ထောင်ဒဏ် ချမှတ်လိုက်ပါတယ်။ ဆရာကြီး ဒေါ်ပုဏ္ဏမီဟာ သက်တော် ၈၄-နှစ် ရှိပြီ ဖြစ်ပါတယ်။ သစ္စာသရဖူ ကျောင်းကပဲ အရှင်အာနန္ဒာ (လူအမည် ဦးအောင်ဇေယျ)၊ အရှင် ဂိမလ (လူအမည် ဦးလှစိန်)၊ အရှင်ပညာနန္ဒ (လူအမည် ဦးမျိုးခိုင်)၊ အရှင် သလ (လူအမည် ဦးကျော်မြင့်)၊ အရှင် နန္ဒာဂရ (လူအမည် ဦးထွန်းမိုး)၊ အရှင် ဂိသုတ္တ (လူအမည် ဦးဝင်းတင်)၊ အရှင်ပညာသာမိ (လူအမည် ဦးမြင့်မောင်) နဲ့ အရှင် ရေဂတ (လူအမည် ဦးကြီးမြင့်)တို့ကိုလည်း မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှာပဲ ထောင်ဒဏ် ၄-နှစ်ခွဲစီ ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ (November 20th , 2008 RFA) ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာပဲ သံလျင် အောင်ဗောဓိကျောင်းက ဦးပညာသီဟ (လူအမည် ဦးမြင့်ဦး)ကို ပုဒ်မ ၁၉(င)၊ ပုဒ်မ ၁၉၅ တို့နဲ့ သံလျင်မြို့နယ်တရားရုံးကပဲ ထောင်ဒဏ် ၆-နှစ် ချမှတ်လိုက်ပြီး မွန်ပြည်နယ် မြို့နယ် ကျောက်ထုစခန်းကို ပြောင်းရွှေ့လိုက်ပါတယ်။ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေတောင်ဓမ္မာရုံကျောင်းက အရှင် ဇဂန (လူအမည် ဦးဆန်းဝင်း)ကို ပုဒ်မ ၂၉၅ နဲ့ ထောင်ဒဏ် ၂ နှစ်ချမှတ်ပြီး မန္တလေးထောင်ကို ပြောင်းရွှေ့လိုက်ပါတယ်။ ရောဂတီတိုင်း

ဖျာပုံမြို့က အရှင် စန္ဒာဓိက (လူအမည် ဦးဇော်မင်းထိုက်)ကို တော့ ထောင်ဒဏ် ၈ နှစ် ချမှတ်ပြီး အင်းစိန်ထောင်မှာ ဆက်ထားထားပါတယ်။ (November 20th , 2008 RFA)

6) အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများကို ယခုကဲ့သို့ နယ်အကျဉ်းထောင်များသို့ပို့ပြီး တနေရာမှ တနေရာသို့ ထပ်မံပြောင်းရွှေ့သည်ကို အတိအကျပြောဆိုခြင်း မရှိသည့်အပြင် ထောင်ဝန်ထမ်းများက ရိုင်းပြစွာ ဆက်ဆံမှုများကြောင့် ထောင်ဝင်စာသွားတွေ့သည့် မိသားစုဝင် များမှာ အခက်ခဲမျိုးစုံဖြင့် ရင်ဆိုင်နေရသည်။ ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံလိုက်ရပြီး နယ်အကျဉ်းထောင်များသို့ ပြောင်းရွှေ့လိုက်သူ ကိုသူရိန်အောင်အား "အင်းစိန်ထောင်က ပြောလိုက်တဲ့အတိုင်း စစ်တွေထောင်ကို သွားစုံစမ်းတော့ ထောင်ဝန်ထမ်း တွေက ဒီစစ်တွေထောင်မှာ မရှိဘူးဆိုပြီး ငေါက်ငမ်းတယ်၊ ကြမ်းကြမ်းတမ်းတမ်းကို ပြောတာ၊ ကျမတို့က အင်းစိန်ထောင်က ပေးလိုက်တဲ့ စာကိုပြမှ ဘူးသီးတောင်ထောင်မှာ ရှိတယ်ဆိုပြီး ပြောတာ" မိသားစုဝင်များက ဘူးသီးတောင်ထောင်သို့ လိုက်သွားရာတွင် ကိုသူရိန်အောင်အား တွေ့ရှိခြင်း မရှိဘဲ ကျောက်ဖြူထောင်မှာရှိ ကြောင်း ပြောဆိုလိုက်သဖြင့် စစ်တွေသို့ပြန်လာပြီးမှ ကျောက်ဖြူသို့ ဆက်သွားရသည့်အတွက် အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရသည်ဟု ဆက်ပြောသည်။(November 20th , 2008 Yoma3)

7) သံဃာတော်တွေရဲ့ မေတ္တာပို့ကြွချီလှုပ်ရှားမှုတွေအတွင်း ထင်ရှားသူ ရဟန်းတော်တပါး ဖြစ်တဲ့အရှင်ဂမ္ဘီရကိုဒီကနေ့အင်းစိန်ထောင်တွင်းအထူးတရားခွင်ကနေနောက်ထပ်အီလက်ထရော နစ်ထောင်ဒဏ် ၁၅ နှစ် ချမှတ်လိုက်တယ်လို့ မိသားစုနဲ့ နီးစပ်သူတွေက ပြောပါတယ်။ သာသနာညှိုးနွမ်းစေမှု၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမှု၊ ဥပဒေမဲ့ လူစု လူဝေးတွေမှာ ပါဝင်မှု စတာတွေ အပါအဝင် စွပ်စွဲချက် အများအပြားနဲ့ ရင်ဆိုင်နေရတဲ့ အရှင်ဂမ္ဘီရကို အင်္ဂါနေ့တုန်းကပဲ ထောင်ဒဏ် ၁၂ နှစ် ချမှတ်ထားတာဖြစ်ပြီးတော့ အခု ဆိုရင် စုစုပေါင်း ထောင်ဒဏ် ၂၇ နှစ်အထိ ပြစ်ဒဏ်တွေ ချမှတ်ခံခဲ့ရတာ ဖြစ်ပါတယ်။(November 20th , 2008 VOA)

## နိုဝင်ဘာလ (၂၁) ရက်

1) ဒီကနေ့ အင်းစိန်ထောင် အထူးတရားရုံးအတွင် စစ်ဆေးခဲ့တဲ့ အလုံမြို့နယ်က စွဲဆိုတဲ့ ပုဒ်မ ၂၉၅(က) သာသနာတော် ညှိုးနွမ်းအောင် ဆောင်ရွက်မှု၊ ပုဒ်မ ၅၀၅ (ခ) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု ကို ထိခိုက်စေတဲ့ ပြစ်မှု၊ ပုဒ်မ ၁၇(၁) မတရားအသင်းဆက်သွယ်မှု၊ ၁၃(၁) နယ်စပ်ဖြတ်ကျော်မှု တွေအတွက် စုစုပေါင်း ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခံရပါတယ်။ ပြီးခဲ့တဲ့ ကြည့်မြင်တိုင် တရားရုံးက စွဲဆိုတဲ့ အမှုတွေအတွက် နိုဝင်ဘာ ၁၉ ရက်နေ့က ထောင်ဒဏ် ၁၂ နှစ်၊ အနောက်ပိုင်းခရိုင် တရားရုံးက စွဲဆိုတဲ့ အမှုတွေအတွက် ထောင်ဒဏ် ၁၅နှစ် နဲ့ ကမာရွတ်မြို့နယ်က စွဲဆိုတဲ့ အမှုပေါင်း ၉ မှုအတွက် နိုဝင်ဘာ ၂၀ရက် မနေ့က ထောင်ဒဏ် စုစုပေါင်း ၂၉ နှစ် ဖြစ်တဲ့အတွက် အရှင် ဂမ္ဘီရရဲ့ ထောင်ဒဏ်ဟာ စုစုပေါင်း ၆၈ နှစ် ဖြစ်ပါတယ်။ (November 21st ,2008 RFA) (November 22nd , 2008 Yoma3)

2) အရှင် ဂမ္ဘီရရဲ့နောင်တော် ကိုအောင်ကျော်ကျော် ကိုလည်း ဒီကနေ့မှာပဲ ပုဒ်မ ၂၉၅(က)၊ ၅၀၅(ခ)၊ ၁၄၇၊ ၁၇(၁)၊ ၁၃(၁) စတဲ့ ပုဒ်မတွေနဲ့ ထောင်ဒဏ် ၁၄ နှစ် ချမှတ်လိုက်ပါတယ်။ ကိုအောင်ကျော်ကျော်ရဲ့မိတ်ဆွေ ကိုကျော်ကျော်နိုင်ကိုလည်း ဖော်ပြပါ ပုဒ်မတွေနဲ့ပဲ ထောင်ဒဏ် ၁၄ နှစ် ချမှတ်လိုက်ပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ထောင်ဒဏ် ၁၆နှစ်ခွဲ ချမှတ်ခံထားရပြီး ဖြစ်တဲ့ မဂ္ဂင်ဆရာတော် အရှင် အိန္ဒကကို ဒီကနေ့မှာပဲ ပုဒ်မ ၂၉၅(က)၊ ၅၀၅(ခ)နဲ့ လေးနှစ်ထပ်မံ ချမှတ်လိုက်ပါတယ်။ မန္တလေးက အရှင် သုမဏ လူအမည် စာရေးဆရာကိုမင်းဆက် ကိုလည်း ၂၉၅(က)၊ ၅၀၅(ခ)၊ ၁၄၇ စတဲ့ ပုဒ်မတွေနဲ့ ၆နှစ် ချမှတ်လိုက်ပါတယ်။ မန္တလေးက နောက်ကိုယ်တော်

တစ်ပါးဖြစ်တဲ့ ဦးကေလာသကိုတော့ ပုဒ်မ ၂၉၅၊ ၅ဝ၅(ခ) နဲ့ လေးနှစ် ချမှတ်လိုက်ပါတယ်။ အရှင်အိန္ဒြိယ ခေါ် ဦးဇင်းဂျောင်းဂျောင်းကို မတရားအသင်းဆက်သွယ်မှု နယ်စပ်ဖြတ်ကျော်မှုတွေနဲ့ ၁၄ နှစ် ချမှတ်လိုက်ပါတယ်။(November 21st , 2008 RFA) ဦးရွှေမောင်၊ ဂဏ္ဍာအောင်နှင့် ကိုဇော်ဂင်းတို့ကို (၄) နှစ်စီ၊ ကိုသန်းနိုင်ကို (၆) နှစ်၊ မဂ္ဂင်ဆရာတော်ဦးဣန္ဒက(ခ)ဦးပနားမား (လူအမည်ဦးအောင်သန်းမြင်).နှင့် ဦးကေလာသကို (၄) နှစ်စီ၊ ဦးဣသရိယကို (၁၄) နှစ်၊ ဦးသုမန (လူအမည် ကိုမင်းဆက်) ကို (၆) နှစ် စသည်ဖြင့် အင်းစိန်ထောင်အထူးတရားရုံးက ယနေ့ ထောင်ဒဏ်များ အသီးသီးချမှတ်လိုက်ကြောင်း သိရသည်။(November 21st Khitpyaing)

3) ကိုသူရရယ်၊ ကိုဇော်သက်ထွေးရယ်၊ ကိုသန့်ဇင်အောင်ရယ်က အီလက်ထရွန်းနစ်ပေါ့။ ဟိုချာတိတ်တစ်ယောက်က တင်မောင်အေး ခေါ် ကတုံးက အီလက်ထရွန်းနစ် တစ်မှုပါတယ်။ ပုဒ်မ ၄၂ဝ၊ ၄၇၁ ဆိုတာ တစ်မှုပါတယ်။ သူကတော့ ၂၉ နှစ်ပေါ့။ အမြင့်ဆုံးတွေနဲ့ ချရင်တော့ နောက်ထပ် ကျန်တာတွေကိုလည်း ကျနော်တို့ တွက်လိုက်ရင် မှန်းထားတာက အားလုံးနှစ်ပေါင်း ၆ဝ နီးပါးလောက် ရှိနိုင်တာပေါ့။(November 21st , 2008 RFA) စွယ်စုံအနုပညာရှင် ကိုဇာဂနာခေါ် ကိုသူရကိုအင်းစိန်ထောင်အထူးတရားရုံးကအီလက်ထရောနစ်ပုဒ်မ၃၃(ဃ) အမှု (၃) ခုအတွက်၊တစ်မှုကို၁၅နှစ်စီနဲ. (၄၅) နှစ်ချလိုက်ပြီး လာမည့် တနင်္လာနေ့တွင် နောက်ထပ် အမှု (၄) ခု ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း ကိုဇာဂနာ၏ မိသားစုဝင်များက ပြောသည်။ကိုဇာဂနာ၏ အမှုတွဲများဖြစ်သည့် ကိုဇော်သက်ထွေး (၁၅) နှစ်၊ ကိုသန့်ဇင်အောင် (၁၅) နှစ်၊ ကိုတင်မောင်အေးခေါ် ကတုံး (၂၉) နှစ် အသီးသီးချလိုက် ကြောင်းလည်း သိရသည်။(November 21st , 2008 Khitpyaing)။ ကိုဇာဂနာကို အာဏာပိုင်တွေက နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမှု၊ သာသနာတော် ညှိုးနွမ်းစေမှု၊ မတရားသင်းဥပဒေ၊ ဗွီဒီယိုအက်ဥပဒေ စတဲ့ ပုဒ်မ ၇ ခုနဲ့ တရားစွဲထားတာပါ။(November 21st , 2008 DVB) ကိုဇာဂနာကို စွဲဆိုထားတဲ့ ပုဒ်မတွေက ၅ဝ၅(ခ)၊ ၂၉၅(က)၊ ၃၂၊ ၃၃(က)၊ ၃၆၊ ၁၇(၂) နဲ့ ၃၈ တို့ ဖြစ်ပါတယ်။

4) ဒီနေ့မှာ ၈၈ ကျောင်းသားများအဖွဲ့က ၁၄ ဦးကိုလည်း ၃နှစ်ကနေ ၅ နှစ်ထိ ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတယ်။ သူတို့ကတော့ ကိုသိန်းသန်းထွန်း အသင်းအဖွဲ့ပုဒ်မ ၆ နဲ့ ၅ နှစ်၊ ကျော်ထွန်းကိုကို အသင်းဖွဲ့ ပုဒ်မ ၆ နဲ့ ၅ နှစ်၊ စောမျိုးမင်းလှိုင် ခေါ် ကျိန်းက အသင်းအဖွဲ့ ပုဒ်မ ၇ နဲ့ ၃ နှစ်၊ သော်ဇင်ထွန်း အသင်းဖွဲ့ ပုဒ်မ ၇ နဲ့ ၃ နှစ်၊ ကိုအောင်သိုက်စိုး ၃ နှစ်၊ ကိုချစ်ကိုလင်း ၅ နှစ်၊ မသရဖီသိမ့်သိမ့်ထွန်း ၅ နှစ်၊ မအေးသီတာ ၅ နှစ်၊ စုကြည်သန်း ၃ နှစ်၊ မနင်းမေအောင် ခေါ် မနိဘယ်အေး ၅ နှစ်၊ မလေးလေးမွန် ၅ နှစ်၊ ဒေါ်စန်းစန်းတင် ၃ နှစ်၊ မနိနိ ခေါ် မနင်းရီ ၅ နှစ်၊ ကိုတင်ထူးအောင် ၃ နှစ် အသီးသီးချမှတ်လိုက်ပါတယ်။ ကိုထွန်းဦး၊ ကိုသူရလင်း၊ မိုးမိုး၊ ကိုတင်ဂင်း၊ ကိုထွန်းထွန်းဦး၊ ကိုသန်းနိုင်၊ ကိုရဲမြင့် တို့ ၇ ဦးကိုလည်း ပုဒ်မ ၁၄၄၊ ၅ဝ၅(ခ)နဲ့ ၄ နှစ်စီ ချမှတ်လိုက်တယ်လို့လည်း သိရပါတယ်။ (November 21st ,2008 RFA)

5) ယခုရက်ပိုင်းအတွင်း ရွှေဝါရောင်တော်လှန်ရေးကာလတွင် ရန်ကုန်စက်မှုဇုံ အလုပ် သမားများသမဂ္ဂကို ဦးဆောင်ခဲ့သည့် ကိုထွန်းထွန်းဦးကို ထောင်ဒဏ် (၁၉) နှစ်၊ ကိုအောင် ကျော်မိုးကို (၁၁) နှစ်၊ ကိုမောင်မောင်လတ်ကို (၁ဝ) နှစ်၊ မထားထားသက်ကို (၁၉) နှစ် အသီးသီး ချမှတ်လိုက်သည်။(November 22nd , 2008 Yoma3) အဲဒီပြင် နောက်ထပ်အဖွဲ့တဖွဲ့ဖြစ်တဲ့ ကိုထွန်းဦး အပါအဝင် ၇ ဦးကိုလည်း ပုဒ်မ ၁၄၄၊ ပုဒ်မ ၅ဝ၅(ခ)တို့နဲ့ ၄ နှစ်စီ အင်းစိန်ထောင် အထူးတရားရုံးမှာ အသီးသီးချမှတ်လိုက်ပါတယ်။ သူတို့ကို အရင်က ကမာရွတ်တရားရုံးကနေ တရားစွဲထားတာလို့ သိရပါတယ်။ (November 21st , 2008 RFA)

6) ဒီကနေ့ ကိုပြည့်ဖြိုးလှိုင်အပါအဝင် (၇) ဦးတို့အား မိသားစုနှင့်ဝေးလံသည့် အကျဉ်းထောင် များသို့ ပို့ဆောင်လိုက်သည်။ကိုပြည့်ဖြိုးလှိုင် ရခိုင်ပြည်နယ်(ဘူးသီးတောင်)၊ ကိုမြတ်လင်းထွဋ် ရှမ်းပြည်နယ်မြောက်ပိုင်း (လားရှိုး)၊ ကိုပြည့်ဖြိုးအောင် ကရင်ပြည်နယ်(ဘားအံ)၊ ကိုနေလင်းအောင် စစ်ကိုင်းတိုင်း (ကလေး)၊ ကိုသီဟအောင် ကယားပြည်နယ်(လွိုင်ကော်)၊ ကိုဖြိုးမောင်မောင်စိုး

ရခိုင်ပြည်နယ် (ကျောက်ဖြူ) နှင့် ကိုအောင်မျိုးပိုင် တနင်္သာရီတိုင်း (ကော့သောင်း) ထောင်များသို့ အသီးသီး ပြောင်းရွှေ့လိုက်ခြင်းဖြစ်သည်။သီဟသက်ဇင်နဲ့ သိန်းဇော်တို့ကိုတော့ ထောင်ဒဏ်တွေ ထပ်တိုးထားတယ်၊ သူတို့ကိုတော့ လောလောဆယ် အင်းစိန်ထောင်ထဲမှာပဲ ထားသေးတယ်"ဟု ကိုပြည့်ဖြိုးလှိုင်၏ မိခင်က ပြောသည်။(November 22nd , 2008 Yoma3)

7) လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ယက်(HRDP)မှ ကိုအောင်ဇော်ဦး (ပဲခူး)၊ ကိုမောင်ကံ (တောင်ကြီး)၊ ကိုကျော်စိုး (မြင်းခြံ)၊ ကိုအောင်မြင့် (မြောင်းမြ) ထောင်များသို့ အသီးသီး ပို့ဆောင်လိုက်ပြီး ကိုအောင်ဇော်ဦးအား ယမန်နေ့က အမှုများထပ်စစ်ရန်ရှိသဖြင့် အင်းစိန်သို့ ပြန်ခေါ်ထားသည်။ထို့အပြင် တောင်ငူထောင်သို့ ပို့ဆောင်ထားသည့် ကိုဝင်းမော်အား အမှုများထပ်မံစစ်ဆေးရန် အတွက် အင်းစိန်ထောင်သို့ ပြန်ခေါ်ထားပြီး ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များကို ထောင်ဒဏ်အနှစ် (၆၀) ထပ်တိုးလိုက်သဖြင့် စုစုပေါင်း (၁၂၄) နှစ်ဖြစ်သွားကြောင်း သိရသည်။(November 22nd , 2008 Yoma3)

8) ၂၀၀၇ ခုနှစ် ဩဂုတ်လကစပြီး ဒီနှစ်ကာလအတွင်း ဖမ်းဆီးထိန်းသိမ်းထားတဲ့ နိုင်ငံရေးလှုပ်ရှား သူတွေကို ဒီရက်ပိုင်းတွေအတွင်း စစ်အစိုးရအာဏာပိုင်တွေက အဆက်မပြတ် ထောင်ဒဏ်တွေ ချမှတ်နေရာမှာ နိုဝင်ဘာ ၂၁ ရက် ဒီနေ့ အမိန့် ချမှတ်ခံရတဲ့ ၁၁ ဦးအဖွဲ့မှာ သာသနာ့သိပ္ပံကျောင်းတိုက်က သံဃာတော် ၅ ပါး ပါဝင်ပြီး အဲဒီသံဃာတော်တွေက ဦးပညာသီဟ၊ ဦးနရပတေ့၊ ဦးပညာဒီပ၊ ဦးဥက္ကံသမာလ၊ ဦးဇာနေယျ တို့ ဖြစ်ပါတယ်။ (November 21st , 2008 RFA) (November 21st , 2008 Irrawaddy) ၎င်းနိုင်ငံရေးလှုပ်ရှားသူ ၆ ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အန်အယ်လ်ဒီ)မှ ကိုသန်းဌေး အပါအဝင် ကိုထွန်း ထွန်းနိုင် ၊ ကိုစိုးရွှေ ၊ ကိုငွေစိုး ၊ ကိုခင်ထွန်း ၊ ကိုကျော်ဆန်းလင်း တို့ဖြစ်ပြီး ကိုထွန်းထွန်းနိုင် ၊ ကိုသန်းဌေး ၊ ကိုငွေစိုး ၊ ကိုကျော်ဆန်းလင်း တို့ကို ပုဒ်မ ၁၄၅ ၊ ၅၀၅(ခ) အရ ထောင်ဒဏ် ၄ နှစ် စီ ချမှတ်၍ ကိုခင်ထွန်း ကိုမူ ပုဒ်မ ၁၄၃ ၊ ၁၄၅ ၊ ၅၀၅(ခ) ဖြင့် ထောင်ဒဏ် ၄ နှစ် ခွဲ ချမှတ် ခဲ့ကြောင်း သိရသည်။(November 21st , 2008 Irrawaddy)

9) လူပုဂ္ဂိုလ်တွေကတော့ အရင်တုန်းက အလုပ်သမားသွေးစည်းညီညွှန်ရေးအဖွဲ့က နိုင်ငံရေးအကျဉ်းသားဟောင်း ကိုထွန်းထွန်းနိုင်၊ ကိုသန်းဌေး၊ ကိုငွေစိုးနဲ့ ကိုကျော်ဆန်းလင်းတို့ကို ပုဒ်မ ၁၄၅၊ ပုဒ်မ ၅၀၅(ခ) တို့နဲ့ ထောင်ဒဏ် ၄ နှစ်စီ ချမှတ်လိုက်ပါတယ်။ ကိုခင်ထွန်းကိုတော့ အဲဒီပုဒ်မ နှစ်ခုအပြင် နောက်ထပ် ပုဒ်မ ၁၄၃ နဲ့ စုစုပေါင်း ၄ နှစ်နဲ့ ၆ လ ချမှတ်လိုက်ပါတယ်။ ဒီနေ့ ၄ နှစ်ချလိုက်တယ်။ ၄ နှစ်နဲ့ အဲဒီ သာသနာ့သိပ္ပံ ဘုန်းကြီးတွေ အကုန်လုံးပေါ့။ ဦးဥက္ကံသမာလကို ၅ နှစ်နဲ့ ၉ လ တဲ့။ ကျန်တဲ့လူတွေကတော့ အဲဒီမှာ ၂ နှစ်တွေ၊ ၄ နှစ်တွေ၊ ၄ နှစ်ခွဲ တွေပေါ့နော်။ အားလုံး ၁၁ ယောက်ကို။ (November 21st , 2008 RFA)

## နိုဝင်ဘာလ (၂၂) ရက်

## နိုဝင်ဘာလ (၂၃) ရက်

## နိုဝင်ဘာလ (၂၄) ရက်

1) ဒီနေ့ တနေ့တည်းမှာတင် နိုင်ငံရေးအကျဉ်းသား (၂၀)ထက် မနည်းကို အာဏာပိုင်တွေက ထောင်ပြောင်းရွှေ့လိုက်ပါတယ်။ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်ဖြစ်တဲ့ ကိုထွန်းထွန်းနိုင်ကို မိတ္ထီလာထောင်၊ ကိုအောင်အောင် (ခေါ်) ရှဲ ကို ဗန်းမော်ထောင်၊ တွံတေးမြို့နယ်က အရှင် သတ္တမ (ခေါ်) ဦးသက်ဇော်ကို မြင်းခြံထောင်၊ ၂၀၀၇ မျိုးဆက်မှ အနောက်ပိုင်းတက္ကသိုလ် သချာ

ပထမနှစ်ကျောင်းသား ကိုရဲမြတ်ဟိန်းကို ကလေးထောင်၊ ကိုဇင်လင်းအောင်ကို ပေါင်းတည်ထောင် အသီးသီး ပို့ဆောင် ခဲ့တယ်လို့ မိသားစုတွေက ပြောပါတယ်။ (November 24th , 2008 DVB)

2) ဗကသများအဖွဲ့ချုပ် အဖွဲ့ဝင်တွေဖြစ်တဲ့ မဟန်နီဦး၊ ကိုရဲမြတ်ဟိန်း အပါအဝင် ထောင်ဒဏ် ချမှတ်ခံထားရပြီးဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသား ၂၁ ဦးကို အင်းစိန်ထောင်ကနေ နိုဝင်ဘာ ၂၄ ရက် ဒီကနေ့ နယ်ထောင်တွေကို ပြောင်းရွှေ့လိုက်ပါတယ်။ ဒဂုံတက္ကသိုလ်က ဥပဒေနောက်ဆုံးနှစ် ကျောင်းသူ မဟန်နီဦးကို လားရှိုးထောင် ပြောင်းရွှေ့လိုက်ပါတယ်။

3) NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်တွေဖြစ်တဲ့ ကိုမျိုးခင်ကို ဗန်းမော်ထောင်၊ ကိုဇင်လင်းအောင်နဲက နောက်နိုင်ငံရေးအကျဉ်း သားတစ်ဦးဖြစ်တဲ့ ကိုကျော်ကျော်ကို ပေါင်းတည်ထောင်နဲ့ ကိုမျိုးခိုင်နဲ့ ဒေါ်မငယ်ကို သာယာဝတီထောင် ပြောင်းရွှေ့လိုက်ပါတယ်။ ဗကသများအဖွဲ့ချုပ် အဖွဲ့ဝင် ကိုစည်သူမောင်ရဲ့ ဖခင် ကိုပီတာကိုတော့ လွိုင်ကော်ထောင် ပြောင်းလိုက်ပြီး ကိုစိုးမြင့်ထိန်ကိုတော့ တောင်ကြီးထောင် ကို ပြောင်းလိုက်ပါတယ်။ နောက်နိုင်ငံရေးအကျဉ်းသားတွေဖြစ်တဲ့ ကိုအောင်သိန်းလွင် ကို ဗန်းမော်၊ ကိုသန်းဇော်မြင့်ကို သထုံ၊ ကိုအောင်မင်းနိုင်ကို မော်လမြိုင်၊ ကိုသန်းလွင်ဦးနဲ့ ကိုလူတင်ဝင်းကို ထားဝယ်၊ ကိုလှိုင်မင်းကို သီပေါထောင်ကို ပြောင်းလိုက်ပါတယ်။ မြောက်ဥက္ကလာပမြို့နယ် သီရိဇေယျကျောင်းက ဦးစန္ဒာဝရ လူအမည် ဦးဉာဏ်ဝင်းကို မိတ္ထီလာထောင် ပြောင်းလိုက်ပါတယ်။ မကြည်ကြည်ဂါ နဲ့ မအိ ကိုတော့ ပေါင်းတည်ထောင်ကို ရွှေ့လိုက်ပါတယ်။ အခုလို နိုင်ငံရေးအကျဉ်းသားတွေကို နယ်ထောင်တွေကို ပို့တဲ့နေရာမှာ သတ်မှတ်ထားတဲ့ ထောင်တွေကို ရောက်မရောက်ဆိုတာ မိသားစုတွေအနေနဲ့ စုံစမ်းရခက်နေပါတယ်။ လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေးကို ကလေးထောင် ပြောင်းလိုက်ပြီလို့ အင်းစိန်ထောင် အာဏာပိုင်တွေက တရားဝင် ပြောကြားပေမယ့် ကလေးထောင်ကို အစ်မဖြစ်သူ မဌေးဌေးကြည်က ဆက်သွယ်မေးမြန်းတဲ့ အခါမှာ ဘယ်သူကမှ ပြန်လည် ဖြေကြားခဲ့ခြင်း မရှိပါဘူး။ လောလောဆယ် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေထဲက ကိုအောင်သူက ပူတာအိုထောင်နဲ့ ကိုလှမျိုးနောင်က မြစ်ကြီးနားထောင်ကို ရောက်သွားပြီလို့ မိသားစုက အတည်ပြု ပြောဆိုပါတယ်။ ကိုသန်းတင် ခေါ် ကိုကြီးသန်းက စစ်တွေထောင်ကို ရောက်ရှိနေတယ်လို့ စုံစမ်းသိရှိရပါတယ်။ (November 24th , 2008 RFA)

4) ၈၈မျိုးဆက်ကျောင်းသားများအဖွဲ့က ကိုသန်းတင် (ခေါ်) ကိုကြီးသန်းကိုလည်း စစ်တွေထောင် ပြောင်းလိုက်တယ်လို့ ဆိုတဲ့အတွက် မိသားစုတွေက စစ်တွေထောင်ကို ဆက်သွယ်မေးမြန်းပေမယ့် အခုထိ ဘာမှ တိတိကျကျ မသိရဘူးလို့ ဆိုပါတယ်။ ကလေးထောင်ကို ပြောင်းလိုက်တယ်ဆိုတဲ့ မစုစုနွေးနဲ့ပတ်သက်ပြီး သူ့မိသားစုတွေက ကလေးထောင် အာဏာပိုင်တွေကို မေးမြန်းပေမယ့် တိတိကျကျ ဘာမှမသိရသေးပါဘူး။ (November 24th , 2008 DVB)

5) မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် ဆက်တိုက်ဆန္ဒပြခဲ့ပြီး ပြီးခဲ့တဲ့နှစ်က အဖမ်းခံခဲ့ရတဲ့ ကိုထင်ကျော်ကို ချင်းပြည်နယ် ခန္တီးထောင်ကို ပြောင်းရွှေ့လိုက်ပါတယ်။ ဗကသများအဖွဲ့ချုပ် အဖွဲ့ဝင် ကိုရဲမင်းဦးကို မြင်းခြံထောင်ကို ပို့လိုက်ပါတယ်။ (November 25th , 2008 RFA)

6) မဂ္ဂင်ကျောင်းဆရာတော် ဦးအိန္ဒက ( လူအမည် ဦးအောင်သန်းမြင့် )ကို လာရှိုးထောင်၊ မဂ္ဂင်ကျောင်းကပဲ နောက်သံဃာတစ်ပါးဖြစ်တဲ့ ဦးဣသရိယ ခေါ် လူအမည် ဦးအေးမောင်ကို သီပေါထောင်၊ မဂ္ဂင်ကျောင်းက ကပ္ပိယကြီး ကိုအောင်သန်းကို သံတွဲထောင်နဲ့ မင်္ဂလာတောင်ညွန့် ရွှေတောင်ကျောင်းက ဦးဇင်းဂျောင်းဂျောင်းလို့ လူသိများတဲ့ ပဏ္ဍဂံသ ( လူအမည်) ဦးပြည်ကျော်ကို စစ်တွေထောင် ပို့လိုက်ပါတယ်။ အလားတူပဲ ညောင်တုန်း NLD အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ကိုမောင်မောင်လတ်ကို သံတွဲထောင်၊ တခြား NLD အဖွဲ့ဝင်တွေဖြစ်တဲ့ ဦးတင်ဝင်းကို မြစ်ကြီးနားထောင်၊ ဦးအောင်မြင့်ကို မြင်းခြံထောင်ကို ပို့လိုက်ပါတယ်။ ကျောက်ဖြူထောင်ကို အပို့ခံလိုက်ရတဲ့ နောက်NLD အဖွဲ့ဝင်တွေကတော့ ဦးတင်ဝင်းနဲ့ ကိုခင်မောင်လတ်တို့ ဖြစ်ပါတယ်။ (November 25th , 2008 RFA)

7) နောက်နိုင်ငံရေးအကျဉ်းသား ကိုညီညီမင်းကို စစ်တွေထောင်ပို့လိုက်ပြီး ဖခင်ဖြစ်သူ ဦးကြွယ်ကိုတော့ မြစ်ကြီးနားထောင် ပို့လိုက်ပါတယ်။ နိုဝင်ဘာ ၂၄ ရက် မနေ့ကပဲ ပေါင်းတည် ထောင် အပို့ခံရတဲ့ မကြည်ကြည်ဂါရဲ့ ခင်ပွန်း ကိုနေဇာမျိုးဝင်းကို ရမည်သင်းထောင်၊ ကိုအီစပိုင်ကို ဖားအံထောင် ပို့လိုက်ပါတယ်။(November 25th , 2008 RFA)

8) NLD အဖွဲ့ဝင်တွေလည်းဖြစ်တဲ့ လာရှိုးထောင်ကို အပို့ခံရသူတွေကတော့ ကိုငွေထွန်း၊ ကိုအုံးကျော်နဲ့ ကိုအောင်ဇော်ဦးတို့ ဖြစ်ပါတယ်။ တခြား NLD အဖွဲ့ဝင်တွေဖြစ်တဲ့ ဦးကျင်လှိုင်ကို ပခုက္ကူထောင်၊ ကိုသန်းဇော်ကို ဟသ်ာတထောင်၊ ကိုဇော်မင်းကို သံတွဲထောင်၊ ကိုဇော်ဇော်အောင်ကို သာယာဝတီထောင်နဲ့ ကိုသိုက်မင်းကို သီပေါထောင် ပြောင်းရွှေ့လိုက်ပါတယ်။(November 25th , 2008 RFA)

9) သံဃာ့အရေးအခင်းမှာ ပါဝင်ခဲ့တဲ့ ဒေါ်ခင်အေးကို မြောင်းမြထောင်၊ လှိုင်သာယာမြို့နယ်က ကိုအောင်ကျော်မိုးကိုလည်း မြင်းခြံထောင် ပို့လိုက်ပါတယ်။(November 25th , 2008 RFA)

10) နိုင်ငံရေးအကျဉ်းသား ဦးတင်မြင့်နဲ့ HRDP လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအဖွဲ့က ကိုမျိုးသန့်ကိုလည်း ညောင်ဦးထောင်ကို ပို့လိုက်ပါတယ်။ ကိုဇင်မင်းထွန်းကို မြစ်ကြီးနားထောင် ပြောင်းရွှေ့လိုက်သလို ရခိုင်အမျိုးသား သံဃာတော် အရှင်ကောဂိတကို သရက်ထောင် ပြောင်းရွှေ့လိုက်ပါတယ်။ အရှင် ဇနိလ ( လူအမည်) ဦးစိန်မြင့်ကို ဟသ်ာတထောင် ပြောင်းလိုက်ပြီး မမြမြသိမ့်ကို မြင်းခြံထောင် ပြောင်းလိုက်ပါတယ်။ စီးပွားရေးတက္ကသိုလ် နောက်ဆုံး နှစ်ကျောင်းသား ဗကသများအဖွဲ့ချုပ် အဖွဲ့ဝင် ကိုစည်သူမောင်ရဲ့မိခင် ဒေါ်နုနုဆွေကို မြောင်းမြထောင်ကို ပို့လိုက်ပြီး ကိုကြည်ဖြူကိုတော့ ပခုက္ကူထောင်ကို ပို့လိုက်ပါတယ်။ (November 25th , 2008 RFA)

11) ၈၈ မျိုးဆက်ကျောင်းသား ကိုမျိုးရန်နောင်သိမ်းကို နိုဝင်ဘာ ၂၄ ရက်နေ့က ရခိုင်ပြည်နယ် သံတွဲထောင်ကို ပို့လိုက်တယ်လို့ သိရပါတယ်။ (November 25th , 2008 RFA)

12) Generation Wave မျိုးဆက်သစ်လူငယ်များ အစည်းအရုံးက အဖွဲ့ဝင် လူငယ်နှစ်ဦးဖြစ်တဲ့ ကိုတင်မျိုးထွတ် ခေါ် ကိုကျော်ဦးနဲ့ ကိုစောမောင်တို့ကို ကြည့်မြင်တိုင်မြို့နယ်တရားရုံးက နိုဝင်ဘာ ၂၄ ရက်နေ့မှာ ထောင်ဒဏ် ၈ နှစ်စီ စီရင်ချက် ချလိုက်ပါတယ်။ (November 26th , 2008 RFA) Generation Wave လို့ခေါ်တဲ့ မျိုးဆက်သစ်လူငယ်များ အစည်း အရုံးက ကစောမောင်ရယ်၊ ကျော်ဦးရယ်ကို ဦးကို လဝက ပုဒ်မ ၁၃/၁ ၊ တရားမဝင် အဖွဲ့အစည်း ပုဒ်မ ၁၇/၁ တို့အရ ၈ နှစ်စီချလိုက်တယ်။ ကြည့်မြင်တိုင်တရားရုံးကနေ ချတယ်။ သူတို့ကို ၅/၆ နဲ့ချတယ်။"(November 25th , 2008 VOA) (November 27th , 2008 Irrawaddy)

## နိုဝင်ဘာလ (၂၅) ရက်

1) ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ ကြိုးပမ်းမှု မလုံလောက်သေးဘူးလို့ အမျိုးသမီးအခွင့်အရေးနဲ့ အကြမ်းဖက်မှု ပပျောက်ရေး လှုပ်ရှားမှုမှာ ထင်ရှားတဲ့ ကိုလံဘီယာ အမျိုးသမီးခေါင်းဆောင် အင်ဂရစ် ဘီတင်ကူက ပြောပါတယ်။ “နိုင်ငံတကာ အသိုင်းအဝိုင်းက ထိထိရောက်ရောက် လှုပ်ရှား အရေးဆိုမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည် လွတ်မြောက်နေပါပြီ။ အခုတော့ ဆက်လက် အကျယ်ချုပ် ကျခံနေရဆဲဖြစ်တဲ့အတွက် ကျမတို့ နိုင်ငံတကာ အသိုင်းအဝိုင်းက ထိထိရောက်ရောက် မကူညီနိုင်သေးတာ သေချာပါတယ်။ ကျမတို့ ပိုကြိုးပမ်းဖို့ လိုပါတယ်။ (November 25th , 2008 DVB)

2) နိုင်ငံရေးလှုပ်ရှားမှုကြောင့် ဖမ်းဆီးခံထားရတဲ့ ကိုတေဇာစိုး၊ ကိုထွန်းလင်းအောင်၊ ကိုတင်မင်းရှိန်တို့ကို စမ်းချောင်းမြို့နယ်တရားရုံးမှာ နိုဝင်ဘာ ၂၅ ရက် မနေ့က ထောင်ဒဏ် ၁၃ နှစ်စီ အသီးသီးချမှတ်လိုက်တယ်လို့ သိရပါတယ်။ (November 26th , 2008 RFA)

3) ကျနော်တို့ အနန်နအယ်လ်ဒီကရော၊ သံဃာတော်တွေလည်းပါတယ်၊ အခြားဆိုက်ကလည်း ပါတယ်။ ဦးက္ကိန္ဒကခေါ်အောင်သန်းမြင့် သူက မဂ္ဂင်ဆရာတော် လားရှိုး၊ ဦးအိန္ဒရိယ (ခ) ဂျောင်းဂျောင်းခေါ်

ကိုအေးမောင်ကြီးက သီပေါ၊ ကိုအောင်သန်း သံတွဲ၊ ထွန်းဇေထွန်း လားရှိုး၊ ခင်မိုးအေး သရက်၊ အောင်ကျော်မိုး အန်နန်အယ်လ်ဒီ မြင်းခြံ၊ ၊ မင်းမင်းစိုး မြင်းခြံ၊ မပဲ သာယာဝတီ၊ အဲဒီလူတွေ အားလုံးကို ဒီနေ့ပို့တယ်။"(November 25th , 2008 VOA)

4) ဒီမိုကရေစီ တိုးတက်ပြန့်ပွားရေး ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ ထိပ်တန်း နိုင်ငံ ခေါင်းဆောင်ဟောင်းများ၊ ပညာရှင်များနှင့် ဖွဲ့စည်းထားသည့် စပိန်နိုင်ငံ အခြေစိုက် "Club of Madrid" အဖွဲ့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်လိုက်ကြောင်းသိရသည်။(November 25th , 2008 Irrawaddy)

## နိုဝင်ဘာလ ( ၂၆) ရက်

1) အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဝင် အများစုပါဝင်သော လူငယ် ၅၀ ခန့်က ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်းအသက်၆၃နှစ်အရွယ်အတိုက်အခံခေါင်းဆောင်ကို ဂါရဝပြုခွင့်ရရေး ခွင့်ပြုပါရန် မေတ္တာရပ်ခံထားသည်မှာ သီတင်းပတ် တပတ်ကြာမြင့်ပြီ ဖြစ်သော်လည်း အာဏာပိုင်များဘက်က ထုံးစံအတိုင်း မသိကျိုးကျွန်ပြုထားသည့်အပြင် လုံခြုံရေး ပိုမိုတိုးမြှင့်ကာတုံ့ပြန်လိုက်သည်။ရုံးနဲ့အနီးတဝိုက်မှာလုံခြုံရေးတွေ၊ကြံ့ခိုင်ဖွံ့ဖြိုးရေးတွေနဲ့ စွမ်းအားရှင်တွေ အပြည့်ရောက်နေတယ်" ဟု ဒဂုံမြို့နယ် အဖွဲ့ချုပ်လူငယ်က မဇ္ဈိမကို ပြောသည်။(November 26th , 2008 Mizzima)

2) နိုင်ငံရေးအကျဉ်းသားဟောင်းလည်းဖြစ်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဖျာပုံမြို့နယ် ဥက္ကဌလည်းဖြစ်ခဲ့တဲ့ ၈၈ မျိုးဆက်ကျောင်းသား ကိုသိန်းဆွေကို ဒီနေ့ စစ်တွေ အကျဉ်းထောင်ကို ပြောင်းလိုက်တယ်လို့ သိရပြီး၊ ဒီကိစ္စကို သူ့ရဲ့ဖခင် ဦးမင်းဆွေက အခုလို ပြောပါတယ်။ ကိုသိန်းဆွေနဲ့အတူ ဗကသများအဖွဲ့ချုပ် ဦးဆောင်သူ တစ်ဦးဖြစ်တဲ့ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကိုစည်သူမောင် ကိုလည်း ဒီမနက်မှာပဲ စစ်တွေထောင်ကို ပို့လိုက်တယ်လို့ သိရပါတယ်။ ကိုစည်သူမောင်ဟာ ထောင်ဒဏ် ၁၁ နှစ်နဲ့ ၆လ ချမှတ်ခံထား ရပြီး သူ့မိဘတွေဖြစ်တဲ့ ဦးပီတာနဲ့ ဒေါ်နုနုဆွေတို့ နှစ်ဦးစလုံးကိုလည်း ထောင်ဒဏ် ၆ နှစ်စီ ချမှတ်ခံထားရပါတယ်။ အဲဒီအပြင် နိုင်ငံရေးအကျဉ်းသားဟောင်း နောက်တစ်ဦးဖြစ်တဲ့ ရဟန်းပျို အရှင်စန္ဒာသီရိကို ရခိုင်ပြည်နယ် ဘူးသီးတောင် အကျဉ်းထောင်ကို ပို့လိုက်တယ်လို့ သိရပါတယ်။ အရှင်စန္ဒာသီရိဟာ ပထမအကြိမ် ၁၉၉၀ မှာ အဖမ်းခံရပြီး၊ ဒုတိယအကြိမ်အဖြစ် ၁၉၉၈ မှာ အဖမ်းခံခဲ့ရပြီး ချင်းပြည်နယ် ကလေးထောင်ကို ပို့ခံရပါတယ်။ နောက်ထောင်ပြောင်းခံရသူ ၂ ဦး ဖြစ်တဲ့ အရှင် ကောသိတကို တောင်ငူထောင်၊ မထားထားသက်ကို ပဲခူးထောင် ကို ပို့လိုက်တယ်လို့ သိရပါတယ်။ (November 26th , 2008 RFA)

3) ၂၀၀၇ ခု စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး နှင့် ပတ်သက်ပြီး ဖမ်းဆီးထားသော သင်္ဃန်းကျွန်းမြို့နယ် မဂ္ဂင်ကျောင်းတိုက်မှ ဦးကောဝိဒနှင့် ဦးစန္ဒာသီရိတို့ကို ရခိုင်ပြည်နယ် ဘူးသီးတောင် ထောင်သို့ လည်းကောင်း၊ တချိန်တည်းတွင်ပင် ထောင်ဒဏ် ၃ နှစ်မှ ၅ နှစ် ကျခံရပြီးသည့် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှ ၁၃ ဦးကိုလည်း ယမန်နေ့နှင့် ယနေ့တွင်ရုံးထုတ်ကြောင်းနှင့် လာမည့်သောကြာနေ့တွင် ထပ်မံ၍ ပြစ်ဒဏ်ချမှတ်နိုင်ဖွယ် ရှိကြောင်း သိရသည်။(November 26th , 2008 Irrawaddy)

4) အခုနောက်ဆုံး စစ်တွေထောင်ကို ပို့ဆောင်ခံခဲ့ရတဲ့ ကိုစည်သူမောင် ဟာ ဆိုရင်လည်း သူ့ကို ဖမ်းဆီးတုန်းက ချက်ခြင်း တံခါး ဖွင့်မပေးလို့ ဖမ်းဆီးခံခဲ့ရပြီး နောက်ပိုင်း ထောင်ဒဏ် ၆ နှစ် စီ ချမှတ်ခံခဲ့ရသူ မိဘတွေနဲ့ တကွဲတပြား ပို့ဆောင်ခံခဲ့ရတာပါ။ အခုဆိုရင် ကိုစည်သူမောင် က စစ်တွေထောင်၊ ဖခင်ဖြစ်သူ ဦးပီတာ က ကယားပြည်နယ် လွိုင်ကော်ထောင် နဲ့ မိခင်ဖြစ်သူ ဒေါ်နုနုဆွေ ဟာ ဆိုရင် ဧရာဝတီတိုင်း မြောင်းမြ အကျဉ်းထောင်တွေကို ပို့ဆောင်ခံနေရတာပါ။(November 26th , 2008 VOA)

5) ILO အုပ်ချုပ်ရေးအဖွဲ့ အနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ဒီတပတ်ထဲမှာ ဆွေးနွေးခဲ့ကြတဲ့ နေရာမှာ အဓမ္မလုပ်အားပေး စေခိုင်းတဲ့ကိစ္စနဲ့ ပတ်သက်လို့ အများပြည်သူ တိုင်ကြားနိုင်တဲ့ လုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ ပြောကြဆိုကြသလို အလုပ်သမား အရေး ဆောင်ရွက်ကြသူတွေကို အရေးယူ အပြစ်ပေးနေတဲ့ ကိစ္စတွေကိုလည်း ထည့်သွင်း ပြောဆိုခဲ့ကြတာပါ။ မကြာသေး ခင်ကပဲ နှစ်ရှည်ထောင်ဒဏ် ၁၂ နှစ်နဲ့ ၆ လ ချမှတ်ပြီး နယ်ထောင်ကို ပို့ခံလိုက်ရတဲ့ အလုပ်သမား အခွင့်အရေး လှုပ်ရှားသူ မစုစုနွေး၊ နောက် ဦးသက်ဝေ စတဲ့ သူတွေ အပြစ်ပေးခံရတဲ့ အခြေအနေတွေနဲ့ ပတ်သက်လို့ ထည့်သွင်း ဆွေးနွေးခဲ့ကြပြီး ဒီလူတွေကို ချက်ခြင်းပြန်လွှတ်ပေးဖို့ တောင်းဆိုတာတွေလည်း ရှိခဲ့တယ်လို့ ILO အုပ်ချုပ်ရေးအဖွဲ့ အမှုဆောင် ညွှန်ကြားရေးမှူး မစ္စတာ ကာရီ တာပီအိုလာ (Kari Tapiola) က ပြောပါတယ်။(November 26th , 2008 VOA)
6) မနေ့တုန်းကလည်း လန်ဒန်အခြေစိုက် နိုင်ငံတကာအနုပညာအသင်းကြီးက ၂၀၀၈ အတွက် လွတ်လပ်မှုအတွက် စွန့်စားသူ အနုပညာဆုကို ကိုဇာဂနာကို ချီးမြှင့်လိုက်ပါတယ်။ (November 27th , 2008 DVB)

## နိုဝင်ဘာလ (၂၇) ရက်

1) နာမည်ကျော် ဟာသ သရုပ်ဆောင်နှင့် ဒါရိုက်တာ ဇာဂနာ ခေါ် ကိုသူရအား အင်းစိန်ထောင်တွင်း တရားရုံးက ယနေ့တွင် ထောင်ဒဏ် ၁၄ နှစ် ထပ်မံ ချမှတ်လိုက်သဖြင့် သူ့ထောင်ဒဏ်မှာ စုစုပေါင်း ၅၉ နှစ် ရှိသွားပြီ ဖြစ်သည်။အနောက်ပိုင်း ခရိုင်တရားရုံး တရားသူကြီး ဦးကျော်ဆွေက နိုင်ငံတော် လုံခြုံရေးကို ထိခိုက်ရန် လှုံ့ဆော်မှုနှင့် ဗီဒီယိုအက်ဥပဒေ အပါအဝင် ပုဒ်မ ၅ ခုဖြင့် ထောင်ဒဏ် ၁၄ နှစ် ချမှတ်ပြန်ရာ တပတ်အတွင်း ထောင်ဒဏ် ၅၉ နှစ် ချမှတ်ခံလိုက်ရခြင်း ဖြစ်သည်။ "ဒီနေ့ ထပ်ချတာကတော့ ၁၄ နှစ်။ ဗီဒီယို ဖြန့်ဝေမှု ပုဒ်မက ၆ လ။ အဲဒီ ၆ လကိုတော့ အရမ်း သဘောကောင်းပြီးတော့ လျှော့ပေးလိုက်တယ်ပေါ့နော်။ အဲဒီတော့ ၁၄ နှစ် ထပ်တိုးတာပေါ့" ဟု ကိုဇာဂနာ၏ ခယ်မ မငြိမ်းက မဇ္ဈိမကို ပြောသည်။ ယနေ့တွင်ပင် အင်းစိန်ထောင်တွင်း တရားရုံးက နာဂစ် လေဘေးဒုက္ခသည်များအား ကူညီပေးခဲ့သူနှင့် ဘောလုံးသတင်း ဆောင်းပါးရေးသူ ကိုဇော်သက်ထွေးအား ၄ နှစ် ထပ်မံ၍ ထောင်ဒဏ် တိုးချခဲ့ပြီး၊ ကိုသန့်ဇင်အောင်ကိုလည်း ၃ နှစ် ထပ်တိုးလိုက်သည်။(November 27th , 2008 Mizzima) ကိုဇာဂနာကို ဗီဒီယို အက် ၃ နှစ် အပါအဝင် ပုဒ်မ ၅၀၅(ခ) ၂ နှစ် ၊ ၁၇/၂ အရ ၅ နှစ် ၊ ၅၀၅(ခ) ၂ နှစ် နှင့် ၂၉၅(က) ၂ နှစ် ပေါင်း ၄ နှစ် တို့ဖြင့် ထောင်ဒဏ် စုစုပေါင်း ၁၄ နှစ် ကို အင်းစိန်ထောင် အထူးတရားရုံးက ယနေ့ ချမှတ်လိုက်သည်ဟု ခယ်မဖြစ်သူ မငြိမ်းကပြောသည်။ကိုဇာဂနာနှင့် အမှုတွဲ ကိုဇော်သက်ထွေး ကိုလည်း ပုဒ်မ ၅၀၅(ခ) ၂ နှစ် နှင့် ၂၉၅(က) ၂ နှစ် ပေါင်း ၄ နှစ် ယနေ့ ထပ်တိုး၍ ချမှတ်လိုက်ရာ နိုဝင်ဘာ ၂၁ ရက်နေ့က ချမှတ်ထားသည့် ထောင်ဒဏ် ၁၅ နှစ်နှင့် ပေါင်းလျှင် ၎င်း သည် ထောင်ဒဏ် ၁၉ နှစ် ကျခံရမည်ဖြစ်သည်။ ကိုသန့်ဇင် အောင်ကိုလည်း ယနေ့ ဗီဒီယို အက် အရ ထောင်ဒဏ် ၃ နှစ် တိုး၍ ချလိုက်သောကြောင့် ၎င်းသည် လည်း စုစုပေါင်း ထောင်ဒဏ် ၁၈ နှစ် ကျခံရမည်ဖြစ်ကြောင်း သိရသည်။(November 27th , 2008 Irrawaddy)
2) ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေး အကျဉ်းသားများကူညီစောင့်ရှောက်ရေး အသင်း(အေအေပီပီ) ၏ ပြောဆိုချက် အရ စစ်အစိုးရက ယခုလအတွင်း နိုင်ငံရေးအမှုလိုက်ရှေ့နေများအပါအဝင် ထင်ရှားသည့် ကျောင်းသားခေါင်း ဆောင်များ၊ စာနယ်ဇင်းသမားများ၊ အနုပညာရှင်များ၊ သံဃာတော်များ စသည့်နိုင်ငံရေးလှုပ်ရှားသူ ၁၄၃ ဦးကို ထောင်ဒဏ်များ ချမှတ်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသား ၁၀၀ ကျော်ကို ထောင်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။(November 27th , 2008 Irrawaddy)

## နိုဝင်ဘာလ ( ၂၈) ရက်

1) ဒီကနေ့နိုဝင်ဘာ၊၂၈နေ့မှာအာဏာပိုင်များမှ၂၁ရက်နေ့တွင်ထောင်ဒဏ်၃နှစ်မှ၅နှစ်အထိချမှတ်ထားသောစစကျောင်းသား၁၄ဦးအပါအဝင်၂၂ဦးကိုထောင်ဒဏ်၆နှစ်မှတသက်တကျွန်းအပြင်၁၃နှစ်အထိချမှတ်လိုက်သည်။ကိုချစ်ကိုလင်း၊သရဖီသိမ့်သိမ့်ထွန်း၊နွယ်နင်းရီ(ခ)နီးနီး၊အေးသီတာ၊ဦးကြည်သန်း၊နင်းမေအောင်(ခ)နီဘယ်အေး၊ဇော်ထက်ကိုကို၊ဒေါ်စမ်းစမ်းတင်၊သော်ဇင်ထွန်း၊စောမျိုးမင်းလှိုင်(ဂျိမ်း)၊လေးလေးမွန်၊အောင်သိုက်စိုး၊သိန်းသန်းထွန်းတို့ကို၅၀၅(ခ)၃မှုဖြင့်၆နှစ်စီထောင်ဒဏ်အသီးသီးချမှတ်ပြီး မြန်မာနေးရှင်း ဂျာနယ် အယ်ဒီတာချုပ် ဦးသက်ဇင်နှင့် မန်နေဂျာဖြစ်သူဦးစိန်ဝင်းမောင်တို့ကိုထုတ်ဝေပုဒ်မ၁၇/၂၀ဖြင့်၇နှစ်စီ၊ဦးမြင့်အေး(HRDP)ကိုပုဒ်မ (၁၃-၁)၊(၁၃-၅)၊(၁၇၁)တို့ဖြင့်၈နှစ်၊ (၃/၆)၊ ဖောက်ခွဲကူညီမှုဖြင့် တသက်တကျွန်း၊တို့ဖြင့်တသက်တကျွန်းနှင့်၈နှစ်၊ကိုရန်ရွှေကိုတသက်တကျွန်းနှင့်၁၃နှစ်၊ကိုဇော်ဇော်အောင်ကိုတသက်တကျွန်းနှင့်၈နှစ်၊ကိုမျိုးမင်း၊ကိုသန်းဇော်မြင့်နှင့်ကိုနန်းအောင်ကို၈နှစ်၊ကိုထွန်းထွန်းဦးကို၅နှစ်ထောင်ဒဏ်အသီးသီးချမှတ်လိုက်ပါတယ်။(November 28th , 2008 AAPP) ကိုရန်ရွှေကို ဖောက်ခွဲ (၃) ဖြင့် တသက်တကျွန်း၊ ဇော်ဇော်အောင်ကို ဖောက်ခွဲ (၃) ဖြင့် တသက်တကျွန်း အသီးသီး ချမှတ်လိုက်ခြင်းဖြစ်သည်။ ထို့အပြင် ယနေ့ညနေပိုင်းက ရွှေပြည်သာမြို့နယ်တရားရုံးက ကိုမျိုးမင်းကို ပုဒ်မ(၁၃-၁)၊
(၁၇-၁) တို့ဖြင့် ထောင်ဒဏ် (၈) နှစ်၊ ကိုသန့်ဇော်မြင့်(ဆီးပိန်)ကို ပုဒ်မ (၁၃-၁)၊ (၁၇-၁) တို့ဖြင့် (၈) နှစ်၊ ကိုနန်းအောင်(ကပ္ပလီ)ကို ပုဒ်မ(၁၃-၁)၊ (၁၇-၁) တို့ဖြင့် ထောင်ဒဏ် (၈) နှစ်၊ ကိုမျိုးမင်းဝေကို ပုဒ်မ (၁၃-၁) ဖြင့် ထောင်ဒဏ် (၅) နှစ် အသီးသီးချမှတ်လိုက်သည်။ ဦးမြင့်အေးတို့အား လက်ရှိအင်းစိန်ထောင်တွင်းမှာပင် ထားရှိထားပြီး မကြာခင် ကိုကိုးကျွန်းနှင့် မော်လမြိုင်ဘက်များသို့ ပို့ဆောင်မည်ဟု ထောင်အာဏာပိုင်အသိုင်းအဝိုင်းတွင် သတင်းများ ထွက်ပေါ်နေကြောင်း သိရသည်။(November 28th , 2008 Yoma3)

2) မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင် တက္ကသိုလ်ကျောင်းသား ကိုဒီငြိမ်းလင်းကို ထန်းတပင်မြို့နယ်တရားရုံးက ထောင်ဒဏ် ၄ နှစ် ချမှတ်ပါတယ်။ သူ့ကို ထောင်ဒဏ် ၆နှစ်ခွဲ ချမှတ်ပြီးသားမို့ စုစုပေါင်း ၁၀နှစ်ခွဲ ဖြစ်သွားပါပြီ။ ကိုဒီငြိမ်းလင်းကို စီရင်ချက်ထပ်ချဖို့ ကျန်သေးတယ်လို့ သိရကြောင်း မိသားစုက ပြောပါတယ်။ (November 28th , 2008 DVB)

3) ရန်ကုန်ဒဂုန်မြို့သစ်တောင်ပိုင်းမှာသီတင်းသုံးတဲ့ဦးအာစရကိုအခုလဆန်းပိုင်းမှာအာဏာပိုင်တွေကဖမ်း၂ပီးအင်းစိန်မြို့နယ်တရားရုံးမှာပြည်ပနှင့်ဆက်သွယ်မှုစွပ်စွဲချက်နှင့်တရားစွဲထားတယ်လို့ပြောပါတယ်။ဦးစန္ဒာသီရိဘွဲ့အမည်ရသံဃာတော်တပါးကိုလည်းအခုလဆန်းပိုင်းမှာအာဏာပိုင်တွေကအင်းစိန်အဝေးပြေးဂိတ်မှဖမ်းဆီးပြီးတောင်ဥက္ကလာတရာရုံးမှာပုဒ်မ၅၀၅(ခ)အစိုးရသို့မဟုတ်နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုထိခိုက်စေမှုနဲ့တရားစွဲထားတယ်လိုဆိုပါတယ်။စက်တင်ဘာလှုပ်ရှားမှုနဲ့ဆက်စပ်ပြီးအာဏာပိုင်တွေကဖမ်းထားတဲ့ရန်ကုန်လှိုင်သာယာမြို့နယ်ကကိုကျော်သူထိုက်ကိုလည်းမရမ်းမြို့နယ်တရားရုံးမှာအမှုဆက်စစ်နေပြီးဒီဇင်ဘာ(၁၀)ရက်မှာစီရင်ချက်ချဖို့ရှိတယ်လို့သိရကြောင်းဦးဖိုးဖြူကပြောပါတယ်။ဒီဇင်ဘာ(၁၀)ရက်မှာနိုင်ငံတကာလူ့အခွင့်အရေးနေ့ကျရောက်ပါတယ်။အာဏာပိုင်တွေကကိုကျော်သူထိုက်ကိုလူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မ၁၃(၁)၊ပုဒ်မ၅၀၅(ခ)တို့နဲ့တရားစွဲထားပြီးမရမ်းကုန်းမြို့နယ်တရားရုံးမှာတရားသူကြီးဒေါ်သန့်ဇင်ဦးကစစ်ဆေးနေပါတယ်။ကိုကျော်သူထိုက်အသက်၂၉နှစ်ဟာလှိုင်သာယာစက်မှုဇုန်ကအလုပ်သမားတဦးဖြစ်ပြီးအလုပ်သမားတွေအရေးဆောင်ရွက်နေသူပါ။(November 28th , 2008 DVB)

## နိုဝင်ဘာလ (၃၀) ရက်

1) မြန်မာအာဏာပိုင်တွေအနေနဲ့ နိုင်ငံရေးလှုပ်ရှားသူ ၂၀၀ကျော်ကို ဒီ နိုဝင်ဘာလ တလအတွင်း နစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့ပြီး၊ နိုင်ငံရေးအကျဉ်းသား တရာကျော်ကိုတော့ မိသားစုတွေနဲ့ ဝေးလံတဲ့ နယ်စွန်နယ်ဖျားထောင်တွေကို ပို့ခဲ့ပါတယ်။ "တချို့ဆေးရုံတွေမှာ ထောင်ဆေးရုံးမရှိဘူး။ ဆရာဝန်မရှိဘူး။ အဲလို နေရာမျိုးကိုရောက်သွားတဲ့ အကျဉ်းသားတွေရဲ့ ကျန်းမာရေးက ပိုပြီး စိုးရိမ်ဖွယ်ရာရှိတယ်။ အဖမ်းအဆီးခံထားရတဲ့သူတွေထဲမှာ တချို့တွေက ကျန်းမာရေး အခြေအနေ တော်တော်မကောင်တာမျိုးရှိတယ်။ ဥပမာ ကိုသန်းတင်ဆိုရင်လည်း ကျန်းမာရေး တော်တော်မကောင်းဘူး။ ဒေါ် စန်းစန်းတင်ဆိုရင်လည်း ဆီးတို့၊ ကျောက်ကပ်တို့ ခံစားနေရတဲ့ ဝေဒနာရှိတယ်။ ခွဲစိတ်ကုသဖို့ လိုအပ်နေတာရှိတယ်။ ဒါပေမယ့် ဒီနေ့အချိန်အထိ ခွဲစိတ်ကုသမှုခံရတယ်ဆိုတာမျိုး ကျွန်တော်တို့ မကြားသေးဘူး။ တချို့ နိုင်ငံရေး အကျဉ်းသားတွေက သေဆုံးသွားနိုင်တဲ့ အနေအထားမျိုးတောင်ရှိတယ်။ ဥပမာ ကိုလှမျိုးနောင်ဆိုရင် မျက်စိတဘက်က ကွယ်ထားပြီးသားဖြစ်တယ်။ နောက်တဘက်လည်း ထပ်ကွယ်မယ့် သဘောရှိတယ်။"ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP)မှကိုဘိုကြည်ကပြောသွားပါတယ်။(November 30th , 2008 VOA)